
mmcybermedia. com

# လူသားနှင့်ကာမေသု

သုတေသီ

ဘုန်းမြင့်သွေး




typing - thanfay

coverdesign - lucky82

*ရာဂနှင့်တူသော မီးသည်မရှိ။
*ဒေါသနှင့်တူသော ဖမ်းယူတတ်သော သတ္တဝါသည်မရှိ။
*မောဟ နှင့်တူသော ပိုက်ကွန်သည်မရှိ။
*တဏှာနှင့်တူသော မြစ်သည် မရှိ။

(ဓမ္မပဒ)

အများအယွင်းမကင်းနိုင်သော လူသားဘဝတွင် အသိအမြင် အတွေးအခေါ် မြင့်မားခြင်းဖြင့်
အမှန်တရားကို မြတ်နိုးသူဖြစ်လာကာ မိမိကိုယ်ကို ထိန်းကျောင်းနိုင်သူ ဖြစ်လာရပေမည်။

## ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်** - ၁၂၃၄/ ၂၀၀၃ (၁၂)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၄၄/ ၂၀၀၄(၁)
**ဒုတိယအကြိမ်** -၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ
**အုပ်ရေ** - ၁၀၀၀
**မျက်နှာဖုံးပန်းချီ** - ရွှေစိုးဟန်
**ကွန်ပြူတာစာစီ** - မြားနတ်မောင်
**ထုတ်ဝေသူ** - ဦးခင်မောင်ဦး (၆၃၇-ယာယီ)၊ မြတ်ပန်းရဂုံစာပေ  အမှတ်-၄၇၃(က) နီလာ ၆ လမ်း(၈) ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။
**မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ်သူ** - ဒေါက်တာအေးအေးမြင့်(မြဲ-၀၃၉၉၉) မြစ်မခအော့ဖ်ဆက်၊ အမှတ်၁၂၂၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

# မာတိကာ

## အကြောင်းအရာ

၁။ ကဲ့ရဲ့ထိုက်စွာ ယုတ်မာသောအကျင့်
၂။ အတွေ့ကိုမရှောင်နိုင်တဲ့အခါ
၃။ ကာမဂုဏ်ဖြစ်ပွားရာအကြောင်းငါးမျိုး
၄။ ကာမေသုမိစ္ဆာစာရကို ရှောင်သဖြင့်အကျိုးဖြစ်ခြင်း ၄ မျိုး
၅။ ပဉ္စာငုက်  ၅ မျိုး
၆။ လောကစည်းကမ်း
၇။ ကြိုးချင်းထား ကြိုးချင်းငြိ
၈။ စိတ်က စတင်ပြစ်မှားကြတယ်
၉။ ခဲအိုမွှေသောမီး
၁၀။ အပြာရုပ်ရှင်
၁၁။ ဘတ်စ်ကားပေါ်မှာ ကာမေသုသတိထား
၁၂။ ဖွဲတစ်ဆုပ်နိုင်သေးရင်
၁၃။ မယားခိုး
၁၄။ မပြုံးကြောင့် မပြုံးနိုင်ပါ
၁၅။ မေထုန်ငယ် ခုနစ်ပါး
၁၆။ အိမ်တွင်းရေးအရှုပ်
၁၇။ ကာမဂုဏ်ဆိုတာ
၁၈။ ကာမေသုကံ အပြစ်ဒဏ် ၁၄ချက်
၁၉။ ပထမပါရာဇိက သိက္ခာပုဒ်ကို ထပ်ဆင့်ပညတ်ခြင်း
၂၀။ ကာယကံကဂ္ဂသိက္ခာပုဒ်
၂၁။ ရသေ့ကြီး စျာန်လျှော
၂၂။ မှောင်လွန်းသောည
၂၃။ အုပ်ထိန်းခြင်း မကင်းသောမိန်းမများ
၂၄။ မလ္လိကာမိဖုရား
၂၅။ လင်ခိုးမ
၂၆။ ကြာကူလီဟု ခေါ်ကြသည်
၂၇။ အချစ်ကိစ္စမဟုတ်
၂၈။ ကာမေသုမိစ္ဆာစာရစိတ်ကို ဖြေဖျောက်နည်း
၂၉။ ကျမ်းကိုးစာရင်း

# ကဲ့ရဲ့ထိုက်စွာ ယုတ်မာသောအကျင့်

ကာမေသုမိစ္ဆာစာရကံ ကျူးလွန်တဲ့အပြစ်ဟာ အလွန်ရှက်စရာ ကောင်းလှတဲ့အပြစ် တစ်ခုပါပဲ။

လူမသိပြန်ရင်လည်း ကိုယ့်လိပ်ပြာကိုယ် ရှက်တတ်ပါတယ်။ လူတွေသိပြန်ရင်လည်း အရှက်တကွဲ အကျိုးနည်း ကိစ္စကြီးရယ်ပါ။ ကာမဂုဏ်အားဖြင့် မှောက်မှားစွာ လွန်ကျူးခြင်းကိုမပြုဖို့ တရားတော်က ပညတ်ထားသလို ဥပဒေလည်း ပြဋ္ဌာန်းထားတာ ဖြစ်တယ်။

ကာမေသုမိစ္ဆာစာရကံ အပြစ်နဲ့ အပြောခံရသူဟာ အခြားအပြစ်ထက်တောင် ပိုအပြောခံရပါတယ်။ အကဲ့ရဲ့ ခံရတတ်ပါတယ်။ တစ်ယောက်တည်း ကျူးလွန်သူဟာ အပြောခံရတာ မဟုတ်ဘဲ မိဘ၊ ညီအစ်ကို မောင်နှမရော၊ ဆွေရောမျိုးပါမကျန် အပြောခံရတာဖြစ်တယ်။ ရာဇဝင်နဲ့ချီပြီး အပြောခံရတယ်။ ကဲ့ရဲ့ခြင်းတွေထဲမှာ အဲသည်ကိစ္စမျိုးနဲ့ အကဲ့ရဲ့ခံရတာဟာ မျက်နှာထားလို့မရအောင် ခံရတာမျိုး ဖြစ်ပါတော့တယ်။ သူများတံထွေးခွက် ပက်လက်မျောတာမျိုးရယ်ပါ။ ပညာဘယ်လောက်ပဲ တတ်တတ်၊ ဥစ္စာဘယ်လောက်ပဲ ရှိရှိ၊ နာမည်တွေ ဘယ်လောက်ပဲကြီးကြီး ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်တာ လူသိရှင်ကြားဖြစ်ပြီဆိုရင် ချက်ချင်း နာမည်ပျက်တော့တာပဲ။ သိက္ခာဆယ်လို့ မရတော့ဘူး။ အခြားဘက်က တော်တာမှန်သမျှ အဲသည်အမှားတစ်ချက်ကြောင့် ပျောက်ကွယ်မေးမှိန်ကုန်ပါရော။

အရှင်ဇနကာဘိဝံသက ရတနာဂုဏ်ရည်စာအုပ်မှာ ကာမဂုဏ်ဆိုတာကို သည်လိုအနက် ဖွင့်ခဲ့ပါတယ်။ ***ကာမဂုဏ်။*** ကာမဂုဏ်ဆိုတာ မိန်းမ ယောက်ျား နှစ်ဦးသားတို့ ပျော်ပါးရွှင်မြူး ကြည်နူးပေါင်းဖက်ခြင်းကို ကာမဂုဏ်ဟု ဆိုသည်။ ဤသို့ဆက်ဆံမှုကို မပြုကျင့်ဘဲ ရှောင်ကြဉ်၍ စင်စင်ကြယ်ကြယ် နေနိုင်က အကောင်းဆုံးဖြစ်၏။ မရှောင်ကြဉ်နိုင်ပါမူ ကိုယ်ပိုင်အိမ်သူ အိမ်ရှင် (ဇနီးမောင်နှံ) မွေ့လျော်၍ တင်းတိမ်ရောင့်ရဲရာ၏။ ထိုသို့ မွေ့လျော်ခြင်းကို လောကအလိုက် ပညာရှိတို့ မကဲ့ရဲ့ထိုက်ပါဟု ဆိုလိုသည်။

ဆရာတော် အရှင်ဇနကာဘိဝံသက ကာမေသုမိစ္ဆာစာရကံကို ကဲ့ရဲ့ထိုက်စွာ ယုတ်မာသောအကျင့်ဟု ရေးသားခဲ့ပါသည်။ **(ရတနာ့ဂုဏ်ရည် နာ/၂၄၀)** ကဲ့ရဲ့ထိုက်စွာ ယုတ်မာသော အကျင့်။

ကိုယ်ပိုင် ဇနီးမောင်နှံခြင်းမှ လွန်ကျူးဖောက်ပြား၍ သူများပိုင်ဇနီးနှင့်လည်းကောင်း၊ ဆွေမျိုးနီးစပ်တို့ စောင့်ကြည့်ထိန်းသိမ်းထားသော အမျိုးသမီးများနှင့်လည်းကောင်း၊ အချင်းချင်း သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ လွန်ကျူးဖောက်ပြားသော ယောက်ျား၏အကျင့်၊ မိမိကိုပိုင်သောယောက်ျားမှ ဖောက်ပြားကျူးလွန်၍ တစ်ပါးသောယောက်ျားနှင့် ပျော်မြူးသော မိန်းမ၏ အကျင့်သည် ကဲ့ရဲ့ဖွယ်ရာ ယုတ်မာသောအကျင့်တည်းလို့ ရေးသားမိန့်ခဲ့ပါသည်။

ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်တာဟာ ယုတ်မာလို့သာ ကျူးလွန်ရဲကြတာ ဖြစ်ပါတယ်။ အရှက်တရား၊ အကြောက်တရားရှိသူတွေဟာ ဘယ်လိုမှ မကျူးလွန်ရဲကြပါဘူး။ ကာမေသုမိစ္ဆာစာရ ကျူးလွန်ပြီဆိုရင် မသိလို့ ကျူးလွန်တာ မဟုတ်ပါဘူး။ စိတ်ပိုင်းဆိုင်ရာအရ သိလျက်ကနေ ကျူးလွန်ကြတာ ဖြစ်ပါတယ်။ ငါးပါးသီလမှာ ကာမေသုမိစ္ဆာစာရဆိုတဲ့ မကောင်းကျင့်ကို ရှောင်ပယ်စေခြင်းဟာ လူ့ကျင့်ဝတ်ကို စည်းဘောင်ချထားခြင်းပါပဲ။

ကာမေသုဟာ ဒုစရိုက်အဖြစ် သတ်မှတ်ထားတဲ့အတွက် လူသိအောင်ပဲဖြစ်ဖြစ်၊ လူမသိအောင်ပဲ ကျူးလွန်ကျူးလွန် အပြစ်ရှိတာပါပဲ။ ဓမ္မသတ်နဲ့ တရားဥပဒေတို့မှာလည်း ကာမေသုမိစ္ဆာစာရကို အကြောင်းပြု သတ်မှတ်ထားတာတွေ ရှိပါတယ်။ အချို့က ကာမေသုကို ကျူးလွန်ရင်၊ လူမသိတဲ့ အခြေအနေဆိုရင် အပြစ်မရှိဘူး ထင်ကြပါတယ်။ မိန်းကလေးက သဘောတူရင်၊ ယောကျ်ားလေးက သဘောတူရင် အပြစ်မဖြစ်ဘူး ထင်ကြပါတယ်။ အဲဲတာ သိပ်မှားပါတယ်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးဖြစ်ပြီး သံသရာဝါဒကို ယုံရင်အပြစ်ဘယ်လောက်ကြီးတယ်ဆိုတာ သိပါလိမ့်မယ်။ ယခုပြုမိတဲ့ကံဟာ နောင်မှာ ပြန်ခံရမှာပဲ။ ယခုဘဝမှာ မခံရဘူးဆိုတာတောင်မှ နောင်ဘဝမှာ ခံရမှာပါပဲ။

ပါရမီရှင်ဖြစ်တဲ့ အရှင်အာနန္ဒာ ကိုယ်တော်မြတ်ကြီးတောင် ခံခဲ့ရပါတယ်။ ဘယ်လိုဖြစ်ပြီး ဘယ်လိုခံရတယ်ဆိုတာတော့...

အရှင်အာနန္ဒာဟာ ကမ္ဘာတစ်သိန်းမျှ ပါရမီတွေ ဖြည့်ပြီးနောက် ဂေါတမဗုဒ္ဓ ဖြစ်တော်မူမယ့် ဤကမ္ဘာမှာ သူဟာ အမှားဖြစ်ခဲ့ပါတယ်။ သူဟာ ရွှေပန်းထိမ်သည်ရဲ့ သားဘဝမှာ လူမိုက် လူတေသူငယ်ချင်းတွေနဲ့ ပေါင်းမိပြီး ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ခဲ့ပါတယ်။ အဲဲသည် အကုသိုလ်ကံဟာ သံသရာမှာ ဘယ်လောက်အထိ ပါခဲ့သလဲဆိုရင် ယောရုဝငရဲမှာ နှစ်ပေါင်းများစွာကျတယ်။

လွတ်မြောက်တဲ့ အခါကျပြန်တော့ မျောက်ဘဝအရောက်မှာ ဝှေးစေ့ကို ကိုက်ဖောက် ခံရပြန်တယ်။ နောက်တစ်ဘဝမှာ နွားဘဝရောက်ပြန်တော့ ဝှေးစေ့အထုတ်ခံရပြန်တယ်။ သံသရာမှာ အဲဲသည်လောက်နဲ့ ပြီးသလားဆိုတော့ မပြီးသေးပြန်ဘူး။

လူ့ဘဝရတဲ့အခါမှာ မိန်းမမဟုတ်၊ ယောကျ်ားမဟုတ် ပဏ္ဍုတ်ဖြစ်ရတယ်။ အဲဲသည်နောက် ငါးဘဝအရောက် နတ်ပြည်မှာ နတ်ဖြစ်တော့လည်း နတ်သားမဖြစ်ဘဲ နတ်သမီးချည်း ငါးဘဝလုံးလုံး ဖြစ်ရတယ်။ ဟော၊ လူ့ပြည် ပြန်ရောက်တော့လည်း ယောကျ်ားမဖြစ်ဘဲ ဘုရင့်သမီးတော် ဖြစ်ခဲ့ရတယ်။

ကာမေသုမိစ္ဆာစာရကံဟာ သံသရာမှာ အပြန်တစ်ရာခံရတဲ့ ကံမျိုးတွေ ဖြစ်ပါတယ်။ ပေါ့ပေါ့တွေးရင်တော့ ခံရတာဘယ်သိပ့်မလဲ။ သံသရာဝါဒနဲ့ ချိုပြီးတွေးရင်တော့

အလွန်ကြက်သီးထစရာ ကောင်းလှပါတယ်။ ကာမေသုမိစ္ဆာစာရ အားကြီးလို့ လောဟကုမ္ဘီခေါ်တဲ့ သံရေပူငရဲမှာခံရတဲ့ သူဌေးသားလေးယောက် အဖြစ်ဟာလည်း ရာဇဝင်မှာ စာတင်ခဲ့ရတဲ့ အဖြစ်ပါပဲ။

"ဒု သ န သော" လို့အော်ပြီး ငရဲမှာ ကျွမ်းပြန်နေကြရပါတယ်။ အချိန်ကြာမြင့်စွာ ခံရပါတယ်။ အဲသည်ကံကိုပြုလို့ ယခုဘဝမှာတင် ဒုက္ခရောက်သူတွေရဲ့ အကြောင်းတွေကို သည်စာအုပ်မှာ ရေးသားထားပါတယ်။

ကာမေသုကံဟာ နောင်ဘဝရောက်မှ ဒုက္ခရောက်တာမျိုး မဟုတ်ပါဘူး။ ယခုလက်ငင်း လက်တွေ့ဘဝမှာတောင် ဒုက္ခတွေ အပြစ်တွေရတတ်ပါတယ်။ ကဲ့ရဲ့ထိုက်စွာ ယုတ်မာသောအကျင့် ဖြစ်တဲ့အတွက် အဲသည်ကံပြုမှုရင် ကဲ့ရဲ့ခံရမှာပါပဲ။ ကဲ့ရဲ့မှုရဲ့နောက်မှာ မကောင်းတဲ့ သက်ရောက်မှုတွေ လိုက်လာတတ်ပါတယ်။

ကဲ့ရဲ့ခံရမှာကို ကြိုတွေးထားရမယ်။ လောကဟာ လူတွေနဲ့ အတူနေပြီး၊ လူတွေနဲ့ ဖွဲ့စည်းထားတာ ဖြစ်တဲ့အတွက် လူရဲ့ပစ်ပယ်ခြင်း မခံရအောင် ကြိုးစားရမှာ ဖြစ်တယ်။ ကာမေသုမိစ္ဆာစာရကံဟာ ကဲ့ရဲ့ထိုက်စွာ ယုတ်မာသောအကျင့် ဖြစ်ပါတော့တယ်။

# အတွေ့ကိုမရှောင်နိုင်တဲ့အခါ

ကျော်အောင်ဟာ ကာမသေုမိစ္ဆာစာရကံကို ဘဝတစ်ကွေ့မှာ အမှတ်မထင်ကျူးလွန်မိလို့ သူ့ဘဝဟာ အပြောင်းအလဲကြီး ပြောင်းလဲသွားခဲ့ရပါတယ်။ ဘယ်လိုမှ သူမတွေးထင်ထားတဲ့ အရာဟာ ခရီးစဉ်တစ်ခုမှာ ထပြီးဖြစ်တာပါပဲ။ အဲသည်ခရီးစဉ်ဟာ ရည်ရွယ်ချက်က တစ်မျိုးဖြစ်ပြီး အကြောင်းကံက တစ်မျိုးဖန်လာခဲ့ပါတော့တယ်။

သူ့ရည်ရွယ်ချက်က ပြည်မြို့ကိုသွားပြီး သူတို့ဆေးတိုက်အတွက် ကိုယ်စားလှယ်တစ်ဦး ရှာဖို့ပဲ ဖြစ်တယ်။ ပြည်မြို့မှာသူတို့ ဆေးတိုက်အတွက် ကိုယ်စားလှယ်မရှိဘူး။ ဆေးတိုက်ပိုင်ရှင်က အဲသည်ကိစ္စအတွက် ကျော်အောင်ကို ပြည်မြို့ကိုလွှတ်လိုက်တာဖြစ်တယ်။

ကျော်အောင်ဟာ (............) ဆေးတိုက်ရဲ့ အထွေထွေမန်နေဂျာ ဖြစ်တယ်။ ဆေးတိုက်ပိုင်ရှင်ရဲ့ လူယုံတစ်ယောက်လည်း ဖြစ်ပါတယ်။ ကျော်အောင်ဟာ ရိုးသားတယ်။ အလုပ်ပေါ်မှာ သစ္စာရှိသလို အမြော်အမြင်လည်း ကြီးတယ်။ ဆေးတိုက်မှာ လုပ်သက် ဆယ်နှစ်ကျော်ခဲ့ပြီ။ သူ့အသက် နှစ်ဆယ့်လေးနှစ်ကတည်းက အလုပ်ဝင်လုပ်ခဲ့တယ်။

အလုပ်ဝင်စကတော့ ရိုးရိုး အရောင်းစျေးသည် တစ်ဦးပါပဲ။ ရှစ်နှစ်ကျော်လုပ်ပြီးမှ သူဟာ အထွေထွေမန်နေဂျာ ဖြစ်ခဲ့တာပါ။

ပြည်မြို့ကို သူတစ်ယောက်တည်း ခရီးထွက်လာခဲ့တာဖြစ်ပါတယ်။ ပြည်အမြန်ရထားကို စီးခဲ့တယ်။ ရန်ကုန်ဘူတာကြီးက နေ့လည်တစ်နာရီမှာ ရထားထွက်ပါတယ်။

သူ့ထိုင်ခုံနဲ့ ကပ်လျက်မှာ သူ့ထက်အသက် နှစ်နှစ်ငယ်တဲ့ အမျိုးသမီး ပါလာတယ်။ ကျော်အောင်ရဲ့ အသက်က သုံးဆယ်လေး၊ အဲသည် အမျိုးသမီးအသက်က သုံးဆယ်နှစ်။ ထိုင်ခုံတစ်ခုတည်းမှာ အတူတကွ ရထားစီးရာကနေ စကားပြော ဖြစ်ကြတယ်။ တစ်ဦး ပါလာတာကို တစ်ဦးစားကြရာက ပိုမိုရင်းနှီးလာတယ်။ အမျိုးသမီးရဲ့နာမည်က မထားထားလို့ ခေါ်ပါတယ်။ အသားညိုပြီး ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်တင်းတင်း ဖြစ်တယ်။ နာတံပေါ်တယ်။ မထားထားက ပြည်မြို့ကို မရောက်ဘူးလို့ အလည်အပတ် သွားတာလို့ ပြောတယ်။ ဘုရားဖူးပြီး တစ်ညနှစ်ည အိပ်ပြန်မယ်လို့ ကျော်အောင် သိခဲ့တယ်။

ရန်ကုန်က တစ်နာရီထွက်တဲ့ ပြည်ရထားက ပြည်မြို့ကို ညကိုးနာရီ ဆိုက်တယ်။ တစ်လမ်းလုံး စကားပြောဆို ရင်းနှီးခဲ့ကြတယ်။ ကျော်အောင်စိတ်မှာ လှုပ်ရှားနေတယ်။ မထားထားရဲ့ အမူအရာတွေကလည်း လှုပို့ကြီး ကျော်အောင်အတွက် စိတ်လှုပ်ရှားစရာ ဖြစ်နေတယ်။

ကျော်အောင်ဟာ စီးပွားရေးဘက်မှာသာ အာရုံများခဲ့ပြီး မိန်းမတွေနဲ့ နီးနီးစပ်စပ်မရှိဘူး။ မိန်းမအချို့ရဲ့ သဘောကို သူမသိဘူး။ ရည်းစားလည်း ထားဖူးခဲ့သူ မဟုတ်ပါဘူး။

ပြည်မြို့ကိုရောက်တော့ မထားထားက ကျော်အောင်ကို ဘယ်မှာတည်းမှာလဲလို့ မေးတယ်။ ကျော်အောင်က တည်းခိုခန်းတစ်ခုခုမှာ တည်းခိုမယ့်အကြောင်း ပြောပြလိုက်တယ်။ မထားထားက သူပါလိုက်ပြီး တည်းခိုချင်ကြောင်းပြောတယ်။

ကျော်အောင်စိတ်မှာ အဲသည်အချိန်အထိ ရိုးရိုးသားသားပဲ ဖြစ်ပါတယ်။ တည်းခိုခန်း တစ်ခုခုသွားပြီး တစ်ယောက်တစ်ခန်း ငှားမယ်လို့ စဉ်းစားခဲ့တယ်။

ဆိုက္ကားတစ်စီးငှားပြီး တည်းခိုဖို့နေရာ လိုက်ရှာကြတယ်။ ပထမရောက်တဲ့ တည်းခိုခန်းက နေရာမရှိဘူး။ ဒုတိယရောက်တဲ့ တည်းခိုခန်းမှာ တစ်ယောက်အခန်း မရှိတော့ဘူး။ နှစ်ယောက်တွဲခန်းပဲ ရတယ်။ တတိယရောက်တဲ့ တည်းခိုခန်းမှာလည်း နှစ်ယောက်ခန်းပဲ ရတယ်။

အချိန်က မိုးချုပ်လာပြီ။ မိုးကလည်း ရွာနေတယ်။ သည်ညတော့ ရသလို တည်းခိုခန်းမှာပဲ ဆိုပြီး အခန်းငှားမိတယ်။ ကျော်အောင်ဟာ သူစိမ်းမိန်းကလေး တစ်ဦးနဲ့ အတူအိပ်ရလို့ အိမ်မပျော်ဘူး။ နှစ်ယောက်အခန်းက ခုတင်တစ်လုံးစီ ဖြစ်တယ်။ ဒါပေမယ့် သူ့ခုတင်ပေါ်မှာ သူအိပ်လို့ မပျော်ဘူး။ မိုးကလည်း သည်းသည်းမည်းမည်း ရွာနေတယ်။ နံနက်မိုးလင်းခါနီးမှ ကျော်အောင်ဟာ အိပ်လို့ပျော်တယ်။ အဲသည်ညက ဘာအမှားမှ အမှားအယွင်းမဖြစ်ပါဘူး။ ကျော်အောင်စိတ်ကို ကျော်အောင် နိုင်နင်း အောင်မြင်ခဲ့ပါတယ်။ ဒုတိယနေ့မှာ ကျော်အောင်က သူ့ကိစ္စအတွက် သူလျှောက်လုပ်တယ်။ မထားထားကလည်း သူသွားလို့ရာ သွားတာပဲ။

တည်းခိုခန်း မန်နေဂျာကို တစ်ယောက်အခန်းရရင် ပေးဖို့မှာခဲ့တယ်။ ပါလာတဲ့အမျိုးသမီးနဲ့ သူနဲ့ လင်မယား မဟုတ်ကြောင်း သူပြောပြပါတယ်။ ဒါပေမယ့် အဲသည်ညကလည်း တစ်ယောက်အခန်း မရဘူး။ နှစ်ယောက်အခန်းမှာပဲ သူတို့အတူနေကြရတယ်။

မထားထားရဲ့ အမူအယာတွေဟာ အခြေအနေတစ်ခုကို လမ်းဖွင့်ပေးသလို ဖြစ်နေတယ်။ ကျော်အောင် စိတ်တွေဟာ ခြောက်ဆယ် ရာခိုင်နှုန်းလောက် ယိမ်းယိုင်လာတော့တယ်။ တတိယညမှာတော့ မှားခဲ့ပြီ။

ကျော်အောင်ဟာ အလုပ်ကိစ္စပြီးစီးပေမယ့် ပြည်မြို့က မပြန်သေးဘူး။ သူတို့နှစ်ယောက် ပြည်မြို့မှာ ခုနစ်ရက်တိတိ အတူနေကြတယ်။ ကျော်အောင်ဟာ မထားထားကို အမှန်တကယ် လက်ထပ်ယူမယ့်အကြောင်း ပြောတယ်။ ရန်ကုန်ပြန်ရောက်ရင် ဆက်သွယ်ဖို့အကြောင်းတွေ ပြောတယ်။ လိပ်စာအမှန်ပေးပါတယ်။

ရန်ကုန်ပြန်ဖို့ ရထားလက်မှတ် ဝယ်ကြတယ်။ အိမ်ပြန်လက်ဆောင်တွေလည်း ဝယ်ကြတယ်။ ကြင်စဇနီးမောင်နှံလို ဖြစ်နေကြတယ်။ အဲသည်ညနေက ညစာထမင်း အတူထွက်စားကြတယ်။ ရထားချိန်က ဝေးနေသေးလို့ တည်းခိုးခန်ပြန်တယ်။

တည်းခိုခန်းပြန်ရောက်လို့ ပစ္စည်းတွေသိမ်းဆည်းနေစဉ်မှာ အခန်းတံခါးကို ခပ်ပြင်းပြင်း ခေါက်သံကြားရတဲ့အတွက် ကျော်အောင်ဟာ တံခါးကိုဖွင့်ပေးလိုက်တယ်။ တံခါးအပြင်ဘက်မှာ ရဲတပ်ဖွဲ့ဝင်အချို့နဲ့ အရပ်သားသုံးဦး။

တစ်ဦးက မထားထားကို အပြင်ဆွဲထုတ်တယ်။ အပြင်ဆွဲထုတ်သူဟာ မထားထားရဲ့ ခင်ပွန်းဖြစ်ကြောင်း ရှင်းပြတယ်။ ကျော်အောင်ဟာ မျက်လုံးတွေပြာဝေသွားပြီး သူဘာမှ မပြောနိုင်အောင်ဖြစ်ရပြီ။ ဒုက္ခတွေနဲ့ ချက်ချင်းတွေ့ပြီ။

လောလောဆယ် သွေးဆောင်ဖြားယောင်းမှု၊ မယားခိုးမှုနဲ့ အချုပ်ခံရပြီး ရဲတပ်ဖွဲ့စခန်းကို လိုက်ခဲ့ရတယ်။ မထားထားဟာ ခင်ပွန်းသည်နဲ့ စိတ်ဆိုးပြီး အိမ်ကထွက်လာတဲ့ အမျိုးသမီးတစ်ဦး ဖြစ်တယ်လေ။ ခင်ပွန်းသည်က စုံစမ်းလိုက်ရင်းက ကျော်အောင်နဲ့ တည်းခိုခန်းမှာအတူမိတာပဲ။

သက်ဆိုင်ရာမှာ ကျော်အောင်ဟာ အဖြစ်အပျက် အမှန်အတိုင်း ရှင်းပြတယ်။ ဒါပေမယ့် သူဟာ မထားထားနဲ့အတူ ခုနစ်ညတောင် အတူအိပ်ခဲ့ကြောင်း ဧည့်စာရင်းမှာ သိသာနေပြီ။ လူပျိုကြီး ကျော်အောင်ဟာ ကာမေသုမိစ္ဆာစာရကံ ကျူးလွန်မိတဲ့အတွက် အပြစ်ဒဏ် ခံရတော့တယ်။

မထားထားကတော့ သူ့ခင်ပွန်းနောက်ကို ပြန်ပါသွားတာပဲ။ ကျော်အောင်ဟာ တစ်ခါမှ မရောက်ဖူးတဲ့ အချုပ်ခန်းထဲ ရောက်တော့တယ်။ သူ့ဆေးတိုက်က သည်အကြောင်းကို သိသွားတော့ အရှက်တကွဲ အကျိုးနည်းတွေ ဖြစ်ရတာပေါ့။ အသက်ကြီးပြီဖြစ်တဲ့ သူ့အဖေနဲ့ အမေလည်း ဒုက္ခတွေရောက်ကြရတယ်။

တရားရုံးသွားရ၊ ထောင်ဝင်စာတွေ့ရနဲ့ အလုပ်တွေ ရှုပ်ကုန်ပါရော။ ကျော်အောင်ဟာ သူများဇနီးမယားကို သွေးဆောင် ပေါင်းသင်းမှုနဲ့ ထောင်ကျတယ်။ သူထောင်ကျနေစဉ်မှာ သူ့ဆေးတိုက်ပိုင်ရှင်က သူ့နေရာကို လူစားတစ်ယောက် ခန့်လိုက်တယ်။

မိန်းကလေးကစလို့ ဖြစ်ရတဲ့ အဖြစ်အပျက် ဖြစ်ပေမယ့် ကျော်အောင်ဟာ အတော်ခံရလိုက်ရတယ်။ သူ့ဘဝတွက် အခြေအနေ ပြောင်းသွားအောင်ကို ဖြစ်ခဲ့ရတယ်။ ဒုက္ခပေးတဲ့ သည်မိန်းမကို ကလဲ့စားချေဖို့ကလည်း ဘာအကျိုးရှိမှာလဲ။

ခရီးသွားရာမှာ မိန်းကလေးကိစ္စ သတိထားရမယ်။ ရှောင်နိုင်အောင် ရှောင်ရမှာဖြစ်တယ်။ မရှောင်နိုင်ဘဲ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်မိလိုက်တာဟာ ထောင်ထဲအထိ ရောက်သွားတတ်တယ်။

# ကာမဂုဏ်ဖြစ်ပွားရာအကြောင်း ငါးမျိုး

ကာမဂုဏ်ဖြစ်ဖို့ အကြောင်း (၅)မျိုး ရှိပါတယ်။ အဲသည်အကြောင်း (၅)မျိုးကနေ ကာမဂုဏ်ဖြစ်တာပဲ။ အချို့က ကာမသေသုမိစ္ဆာစာရကံကို ကျူးလွန်မိကြတယ်။

ကာမဂုဏ်ဟာ အလိုအလျောက်မဖြစ်ပါဘူး။ တိုက်ဆိုင်မှုပေါ်မှာ မူတည်ပြီးဖြစ်လာပါတယ်။ တိုက်ဆိုင်မှုတွေပေါ်မှာ သတိထားပြီး ရှောင်တိမ်းနိုင်ရင် ကာမဂုဏ်က လွတ်နိုင်ပါတယ်။ အချို့ ကာမဂုဏ်ကို မဖြစ်ပေါ် ဖြစ်ပေါ်အောင် ကြိုးစားယူကြတယ်။ တိုက်ဆိုင်မှုတွေကိုလည်း သတိမထားဘူး။

ကာမဂုဏ်ဖြစ်ရာအကြောင်း (၅) ဖြာကတော့...

*၁။ ကြည့်စရာ ကောင်းတဲ့ရုပ်အင်္ဂါကလည်း အကြောင်းတစ်ကြောင်း။*

*၂။ နားဝင်ပီယံဖြစ်သော အသံသည်ကလည်း အကြောင်းတစ်ကြောင်း။*

*၃။ နမ်းစရာကောင်းသော အနံ့ကလည်း အကြောင်းတစ်ကြောင်း။*

*၄။ ဇိဝှာခေါ် လျှာပေါ်မှာ ထိတွေ့အပ်သော အရသာကလည်း အကြောင်းတစ်ကြောင်း။*

*၅။ ကိုယ်နှင့်ထိတွေ့သဖြင့် ခံစားရသော အထိအတွေ့သည်လည်း အကြောင်းတစ်ကြောင်း ဖြစ်ပါတော့တယ်။*

## ကာမေသုမိစ္ဆာစာရကို ရှောင်သဖြင့် အကျိုးဖြစ်ခြင်း (၄) မျိုး

မရှောင်နိုင်ရင် ယခုဘဝလည်း မကောင်းဘူး။ နောင်ဘဝမှာလည်း မကောင်းဘူး။ ရှောင်နိုင်ရင်လည်း ယခုဘဝလည်း ကောင်းတယ်။ နောင်ဘဝမှာလည်း ကောင်းပါတယ်။

ကာမေသုမိစ္ဆာစာရကံကို ရှောင်သဖြင့် အကျိုးဖြစ်ခြင်း (၄) မျိုးကတော့

*၁။ မိန်းမပဏ္ဍုက်၊ တစ်ဆင့်ခံသုတ်ကိုယူပြီးမှ ကာမမှုကိုပြုရသူ(သို့မဟုတ်)နပုံးခေါ် မိန်မစိတ်ဝင်နေသူ မဖြစ်နိုင်ခြင်းအကျိုး။*

*၂။ အစုံမဲ့၊ အစပ်မဲ့၊ အသံမဲ့၊ အဓိပ္ပာယ်မဲ့သော ဥဘတောဗျည်း မဖြစ်နိုင်ခြင်းအကျိုး။*

*၃။ ပတ်ဝန်းကျင် လူများအလည်၌ လူချစ်လူခင်များရခြင်းအကျိုး။*

*၄။ ဘေးအန္တရာယ်ကင်းရှင်းပြီး ချမ်းသာသုခနှင့် နေထိုင်ရခြင်း။*

ဇာတ်တော်တွေမှာ ကာမေသုမိစ္ဆာစာရကံကို မရှောင်နိုင်တဲ့အတွက် နောင်ဘဝမှာ ခံရတာတွေရှိပါတယ်။ ရှောင်နိုင်တဲ့အတွက် အကျိုးထူးခံစားရတာတွေလည်း ရှိပြန်ပါတယ်။

# ပဏ္ဍုတ် (၅) မျိုး

ပဏ္ဍုတ်ဆိုတာ ယောက်ျားကောင်း ယောက်ျားမြတ် မဟုတ်ပါဘူး။ ယုတ်ညံ့တဲ့ ယောက်ျားမျိုး ဖြစ်ပါတယ်။ လူ့ဘဝမှာ ယောက်ျားဘဝကို ရရှိခဲ့ပေမယ့် အလွန်ယုတ်ညံ့ပါတယ်။ ရှေးဘဝက မကောင်းမှုတွေပြုခဲ့ရလို့ သည်လိုဘဝမျိုးတွေကို ရတာပါပဲ။

ရှေးဘဝကံဆိုးတာကြောင့် ဘယ်လိုမှ ပြုပြင်လို့မရပါဘူး။ ချမ်းသာပြီး ပညာတတ်တဲ့ မိဘထံမှ မွေးဖွားလာပေမယ့်လည်း ယုတ်ညံ့တဲ့ယောက်ျားလေး ဖြစ်ရတာပါပဲ။ ဘဝဟောင်းက ကာမေသုမိစ္ဆာစာရ ကျူးလွန်ခဲ့သူတွေဟာ အဲသည်ဘဝမျိုး ဖြစ်တတ်ပါတယ်။

ပဏ္ဍုတ်(၅) မျိုးကတော့...

***၁။ သူတစ်ပါး၏ သုတ်သွေးကို ပါးစပ်ဖြင့် စုပ်ယူမျိုရမှ မေထုန်ပြုနိုင်သောသူ။***

***၂။ သူတစ်ပါး သွားလာမှီဝဲပေါင်းဖော်နေသော မေထုန်ကို ချောင်းကြည့်၍ မိမိကိုလေသာ ငြိမ်းသောသူ။***

***၃။ သင်းကွပ်ထုတ်ပစ်ထား၍ ဝှေးစေ့မရှိသူ။***

***၄။ လဆန်း လဆုတ်ဖြစ်စေ၊ တပက္ခ၊ တပက္ခ၌ ကာမအရာကို မအောင့်နိုင် ပိုမို သောင်းကျမ်း သံဝါသပြုသူ။***

***၅။ မိန်းမအင်္ဂါ၊ ယောက်ျားအင်္ဂါဇာတ် နှစ်မျိုးလုံး မပီပြင်သူ*** တို့ ဖြစ်ပါသည်။

# လောကစည်းကမ်း

ကာမေသုမိစ္ဆာစာရကံ စောင့်ထိန်းဖို့ဆိုတာ လောကစည်းကမ်းပဲ ဖြစ်ပါတယ်။ တရားတော်ကလည်း ပညတ်ထားပါတယ်။ ဥပဒေအရလည်း ပညတ်ထားပါတယ်။ အဲသည်ကံကို ကျူးလွန်ဖောက်ဖျက်သူဟာ လောကစည်းကမ်းကို ဖောက်ဖျက်သူဖြစ်တယ်။ တရားတော်ကိုလည်း မလိုက်နာ။

ဥပဒေကိုလည်း ချိုးဖောက်ဆန့်ကျင်ရာ ရောက်ပါတယ်။ အဲဒါကြောင့်လည်း အချို့ဟာ ပစ္စုပ္ပန်မှာလည်း အပြစ်ခံရ၊ နောင်တမလွန်ဘဝမှာလည်း အပြစ်ငရဲကျမှာ ဖြစ်တယ်။

လောကကြီးဟာ စည်းကမ်းနဲ့ ဖွဲ့စည်းထားတာ ဖြစ်တဲ့အတွက် စည်းကမ်းကို ဆန့်ကျင်သူဟာ လောကကို ဆန့်ကျင်တာနဲ့ အတူတူပါပဲ။

ကာမေသုမိစ္ဆာစာရကံ ကျူးလွန်မိတယ်ဆိုတာ လောက စည်းကမ်းကို မစဉ်းစားမိလို့ ဖြစ်တယ်။ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ စိတ်ဓာတ်မျိုးဖြစ်တယ်။

စည်းကမ်းဆိုတာ လူတွေရဲ့တန်ဖိုးပါ။

လူ့လောကဟာ စည်းကမ်းနဲ့ရပ်တည် အသက်ရှင် လှုပ်ရှားနေတာ ဖြစ်တယ်။ လောကတည်နေခြင်းရဲ့ အသက်သွေးကြောဟာ စည်းကမ်းပဲဖြစ်တယ်။ စည်းကမ်းဖောက်ပြီး ကာမေသုကံတွေ ကျူးလွန်သူများရင် လောကတောင် ပျက်သွားနိုင်ပါတယ်။ စား၊ ဝတ်၊ နေရေးမှာ စည်းကမ်းရှိရသလို ကာမဂုဏ်ကိစ္စမှာ စည်းကမ်းဟာ ပိုလို့တောင် အရေးကြီးလှပါတယ်။

ကိလေသာ ကာမစိတ်မှာ စည်းကမ်းမရှိရင် အသက်တိုပါတယ်။ အသက်ရှည်ရှည် မနေရပါဘူး။ ကိလေသာ ကာမစိတ်မှာ စည်းကမ်းတိကျမှသာ လူဟာ အသက်ရှည်တယ်။ အဆင်းလှတယ်။ ရောဂါဘယ ကင်းရှင်းပါတယ်။

အရာရာမှာ စည်းကမ်းရှိမှ တိုးတက်ပါတယ်။ ကိလေသာစိတ်ကိုလည်း စည်းကမ်းနဲ့ ထိန်းကျောင်းနေရပါမယ်။ ကိလေသာစိတ်မှာ စည်းကမ်းမရှိရင် အပြစ်(၁၁) မျိုးနဲ့ ကြုံရမှာပါပဲ။

*၁။ ကာမေသုမိစ္ဆာစာရ အားကြီးသူဟာ မလိုမုန်းထားသူ ပေါ်များတယ်။*

*၂။ မုန်းရုံမက ရန်သူလည်းများတယ်။*

*၃။ လာဘ်ပစ္စည်းများ ရှားပါးတိတ်ဆိတ်တယ်။*

*၄။ ချမ်းသာမှု ကင်းဆိတ်တယ်။*

*၅။ မိန်းမ ဖြစ်ရတယ်။*

၆။ မိန်းမ မဟုတ်၊ ယောက်ျားမဟုတ် ပဏ္ဍုတ်ဖြစ်ရတတ်တယ်။

၇။ ယောက်ျားဖြစ်ပြန်တော့လည်း အမျိုးယုတ်မှ ဖြစ်ရတယ်။

၈။ မျက်နှာပျက်၍ အရှက်ကွဲရတတ်တယ်။

၉။ အင်္ဂါလက္ခဏာ ကင်္ခြေတို့ ယွင်းချို့ သေးသိမ်တယ်။

၁၀။ စိုးရိမ်ကြောင့်ကြ အားကြီးရတယ်။

၁၁။ ချစ်သူနှင့် ကွေကွင်းကွဲကွာရတတ်ပါတယ်။

# ကြိုးချင်းထားကြိုးချင်းငြိ

ရင်းနှီးမှုအတိုင်းအတာ လွန်ကဲစရာမှစ စိတ်အာရုံတွေဟာ ဖောက်ပြန်တတ်ပါတယ်။ ရင်နှီးမှုလွန်ပြီး တစ်ဦးအိပ်ရာ တစ်ဦးဝင် အိပ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး လင်မယားမဟုတ်ဘဲ ဆိတ်ကွယ်ရာနေခြင်းများကလည်း ကာမေသုမိစ္ဆာစာရကံကို အထမြောက်စေတတ်ပါတယ်။

မိုက်ကယ်ဝင်းမောင်နဲ့ ဇော်ဇော်တို့နှစ်ယောက်ဟာ ငယ်သူငယ်ချင်းတွေ ဖြစ်ကြတယ်။

တက္ကသိုလ်ပြီးတော့ မိုက်ကယ်ဝင်းမောင်က သင်္ဘောသားဖြစ်သွားတယ်။ မိုက်ကယ်ရဲ့ မိဘတွေက ချမ်းသာတောင့်တင်းတော့ သင်္ဘောသားဖြစ်ရေးအတွက် အတော်ပဲ ငွေကုန်ခံ လိုက်တယ်။ မဖြစ်ဖြစ်အောင် ကြိုးပမ်းခဲ့တယ်။

မိုက်ကယ်သင်္ဘောနှစ်ခေါက် တက်အပြီးမှာ ကျောင်းနေစဉ်ကကြိုက်ခဲ့တဲ့ သီတာဆွေနဲ့ အိမ်ထောင်ပြုလိုက်တယ်။ ရင်းနှီးမှု အားကြီးတယ်။ မိုက်ကယ် သင်္ဘောပြန်လာပြီဆိုရင် ဇော်ဇော်အိမ်ကို အရင်ဆုံးသွားတတ်တယ်။

ဇော်ဇော်နဲ့ မိုက်ကယ် ရင်းနှီးမှုများသလို သီတာဆွေနဲ့ ဇော်ဇော်ပါ ရင်းနှီးမှုပိုလာကြတယ်။ မိုက်ကယ်သင်္ဘော ငါးခေါက်လိုက်ပြီးချိန်မှာ မြို့လယ်ကတိုက်ခန်းတစ်ခန်းကို ဝယ်ပြီးပြီ။ မိဘတွေနဲ့ မနေကြတော့ပဲ အိမ်ထောင်ခွဲလိုက်ကြပြီ။ သူတို့ရဲ့အိမ်မှာ ရေခဲသေတ္တာ၊ တီဗွီ၊ ကတ်ဆက်၊ ပရိဘောဂပစ္စည်းတွေအားလုံးပြည့်စုံပြီ။ သူတို့မှာ သားလေးတစ်ယောက်ရနေပြီး သူတို့နဲ့အတူ အဒေါ်တစ်ယောက်က အတူနေပါတယ်။

ဘွဲ့ရပြီး ဇော်ဇော်ဟာ ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်ပါတယ်။ သူ့အလုပ်က မြို့ထဲမှာဖြစ်ပြီး သူ့အိမ်က မြို့သစ်မှာဖြစ်တယ်။

သွားရပြန်ရတာဝေးလို့ဆိုပြီး ဇော်ဇော်ဟာ မိုက်ကယ်ဝင်းမောင်တို့အိမ်မှာ တစ်ပတ်ကို ငါးရက်တိတိအိပ်တယ်။ စနေနေ့နဲ့ တနင်္ဂနွေနေ့တွေကျမှ မြို့သစ်က သူ့မိဘအိမ်ကိုပြန်တယ်။ အနေနီးစပ်ရာကနေ ဇော်ဇော်နဲ့ သီတဆွေတို့ရဲ့ စိတ်တွေဟာ ဖောက်ပြန်လာတော့တာပဲ။

မိုက်ကယ်ဝင်းမောင် ဆဋ္ဌမမြောက် သင်္ဘောပြန်တက်ချိန်မှာ ဇော်ဇော်နဲ့ သီတာဆွေတို့ ငြိစွန်းကြတော့တယ်။ ဇော်ဇော်ဟာ သူငယ်ချင်းအပေါ်မှာ သစ္စာမစောင့်သလို သီတာဆွေကလည်း ခင်ပွန်းသည်ရဲ့မျက်နှာကို မထောက်ထားတော့ဘူး။

သူတို့နှစ်ယောက် ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်နေကြတာကို မိုက်ကယ်ရဲ့အဒေါ်က ရိပ်မိလာတယ်။ ကြာတော့ သိလာတယ်။ သီတာဆွေကို အဒေါ်ဖြစ်သူက ဆင်ခြင်ဖို့ အရိပ်အခြေဆုံးမတယ်။ ဇော်ဇော်ကိုလည်း အိမ်ဝင်အထွက် လက်မခံတော့ဖို့ အကြံပေးတယ်။

သည်ပြဿနာကို မိုက်ကယ်ရဲ့ မိဘများ သိသွားချိန်မှာတော့ အခြေအနေတွေဟာ ဆိုးကုန်ပြီ။ သူ့သား ပြန်ရောက်ချိန်တောင် မစောင့်ဆိုင်းနေတော့ဘဲ သင်္ဘောဒေါက်တင်နေတဲ့ သူ့သားရှိရာကို စာနဲ့ရေးပြောတယ်။ တယ်လီဖုန်းနဲ့ ပြောတယ်။

မိုက်ကယ်ဟာ သည်အကြောင်းကိုသိတော့ ဇနီးစိတ်နဲ့ အရက်တွေ အလွန်အကျွံ သောက်တော့တယ်။ သင်္ဘောကပ္ပတိန်နဲ့ စကားများတယ်၊ သင်္ဘောသားချင်းလည်း မသင့်မမြတ်တဲ့ အထိတောင် ဖြစ်ခဲ့ရတယ်။ မြန်မာပြည်ကိုလည်း မြန်မြန်ပြန်ချင်နေတယ်။ နောက်ကြောင်း မအေးဘူး။

ဇော်ဇော်နဲ့ သီတာဆွေဟာ တိတ်တဆိတ် ခိုးတွေ့နေကြတယ်။ မိုက်ကယ်ရဲ့ မိဘများက သေချာစွာသိအောင် လူအစောင့်ချပြီး လိုက်နေတာကို သူတို့မသိလိုက်ကြဘူး။ ကာမေသုမိစ္ဆာစာရ ကံဟာ လူမမြင်ရာမှာ ပြုကျင့်ပေမယ့် လူသိတာများတယ်။ လောကမှာ လူသတင်းလူချင်း ဆောင်တာပဲ မဟုတ်လား။ မကောင်းမှုဆိုတာဟာ ဆိတ်ကွယ်ရာမရှိပါဘူး။

မိုက်ကယ်ဟာ ဥရောပနိုင်ငံ တစ်မြို့ကနေ သင်္ဘောဆက်မလိုက်တော့ဘဲ မြန်မာပြည်ကို ပြန်လာခဲ့တယ်။ မြန်မာပြည်ပြန်ရောက်တော့ အိမ်ကိုမပြန်ဘဲ တစ်နေရာမှာ တိတ်တဆိတ် ဝင်ခိုနေတယ်။ ရုပ်ဖျက်ပြီး သူ့မိန်းမနဲ့ ဇော်ဇော်တို့ရဲ့ အခြေအနေကို စုံစမ်းတယ်။

သူစုံးစမ်းကြည့်တဲ့အခါ သူ့မိဘများ အကြောင်းကြားထားတဲ့အတိုင်း မှန်နေတာကို သူသိလာခဲ့တယ်။ မျက်စိနဲ့တပ်အပ်မြင်တယ်။

မိုက်ကယ်ဟာ ဇော်ဇော်နဲ့ သီတာဆွေတို့ သွားလာလှုပ်ရှားနေတာကို ဓာတ်ပုံရိုက် မှတ်တမ်းတင်ထားတယ်။ ချိန်းတွေ့တတ်တဲ့နေရာကိုလည်း သူသိခဲ့ပြီ။

နောက်ဆုံးမှာ မိုက်ကယ်ဝင်းမောင်ဟာ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချမှတ်လိုက်တယ်။ သူ့ဇနီးနဲ့ ဇော်ဇော်ကို မျက်နှာချင်းဆိုင်ဆုံပြီး ဖြေရှင်းတယ်။ ကောင်းမွန်စွာ ဆွေးနွေးတယ်။

သူ့ရဲ့သားလေးကို သူခေါ်ထားလိုက်ပြီး သီတာဆွေကို တရားဝင်ပြတ်စဲလိုက်တယ်။ စာချုပ်စာတမ်းနဲ့ ပြတ်စဲပြီး ဇနီးကို ဇော်ဇော် လက်ကို အပ်လိုက်တယ်။ သူကိုယ်တိုင်ခိုးရိုက်ထားတဲ့ ဓာတ်ပုံတွေလည်း ပေးလိုက်တယ်။ မိုက်ကယ်ဝင်းမောင်ရဲ့ မိဘများကလည်း အဲသည့်အစီအစဉ်ကို သဘောတူပြီး လိုအပ်တာတွေကို စီစဉ်ပေးခဲ့တယ်။

သီတာဆွေဟာ ကာမေသုမိစ္ဆာစာရကံ ကျူးလွန်လို့ နေစရာမရှိ ချက်ချင်းဖြစ်သွားရော။ ဇော်ဇော်ရဲ့ မိဘတွေဘက်က သီတာဆွေကို အိမ်ပေါ်အတင်မခံဘူး။

ဇော်ဇော်အလုပ်လုပ်တဲ့ ကုမ္ပဏီကလည်း မိုက်ကယ်မိဘများရဲ့ ဆွေမျိုးမကင်းကုမ္ပဏီ ဖြစ်တယ်။ အဲသည် အကြောင်းတွေလည်းသိရော ဇော်ဇော်ကို သစ္စာမရှိဘူးဆိုပြီး အလုပ်က ထုတ်ပစ်လိုက်တယ်။

ကာမေသုမိစ္ဆာစာရကံ ကျူးလွန်တဲ့အပြစ်က ကြီးပါတယ်။ သိလာရင် ပတ်ဝန်းကျင် အားလုံးက ရှောင်ဖယ်ကုန်ကြရော။ ဇော်ဇော်နဲ့ သီတာဆွေဟာ ဟိုကပ်နေ သည်ကပ်နေနဲ့ လောကမှာ လူတောမတိုး လူရာမဝင်ကြတော့ဘူး။ အဲသည်အဖြစ်အပျက်လေးကို ကြည့်ရင် ရင်းနှီးမှု လွန်ကဲတာကြောင့် မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြတာ ဖြစ်တယ်။

မိုက်ကယ်ဝင်းမောင် ကိုယ်တိုင် ဇော်ဇော်ကို သိပ်အရေးပေးခဲ့တယ်။ အိမ်မှာနေခွင့်ပြုတာ သိပ်မှားသွားတယ်။ နီးစပ်မှုများလွန်းရင် ဖိုနဲ့မဟာ ဖောက်ပြန်တတ်ကြပါတယ်။ အချို့ဟာ နီးစပ်မှုဒဏ်ကို မခံနိုင်ကြပါဘူး။ နီးစပ်မှုရှိတိုင်းတော့ ဖောက်ပြန်ကြတာတော့ မဟုတ်ပါဘူး။ အချို့က သစ္စာမရှိဘူး။

ခန္ဓာကိုယ်အသွေးသား တောင်းဆိုမှုပေါ်မှာ အမှီပြုပြီး ဖောက်ပြန်တဲ့စိတ် မွေးကြတယ်။ အကောင်းဆုံးက အတိုင်းအတာအရပဲ ရင်းနှီးပွင့်လင်းတာပဲ ကောင်းပါတယ်။

သီတာဆွေရဲ့ ကာမေသုမိစ္ဆာစာရကံကြောင့် သားလေးဟာ မိခင်ရင်းနဲ့အတူ မနေရရှာဘူး။ ကျူးလွန်သူ နှစ်ယောက်ဟာလည်း ရေရှည်မှာ အတူမနေနိုင်ကြဘူး။ တစ်ဦးနဲ့တစ်ဦး ဆင်းရဲမှုတွေ ကြားမှာ မသင့်မမြတ်ဖြစ်ပြီး ကွဲကွာသွားကြတယ်။

သီတာဆွေက သူ့အဒေါ်တစ်ယောက်ရှိတဲ့ ရွာကလေးတစ်ရွာကို ရောက်သွားတယ်။ ဇော်ဇော်ကလည်း အလုပ်အကိုင်မဲ့ဘဝနဲ့ ဟိုနေဒီနေဖြစ်သလို လှည့်လည်နေတယ်။

ကာမေသုကံသာ မကျူးလွန်ခဲ့ရင် အားလုံးအဆင်ပြေနေကြမှာပါ။

*ကာမရောဂါ၊ ဝမ်းတွင်းနာကား*

*ကုရာနတ္ထိ၊ ဆေးမရှိဘူး*

*မိမိပညာ၊ သတိသာလျှင်*

*မဟာဩသဓ၊ ဆေးမည်စွရှင်။*

**(မဃဒေဝ- ၂၃)**

# စိတ်ကစတင် ပြစ်မှားကြတယ်

ကာမေသုမိစ္ဆာစာရကံဟာ ကာယကံမြောက် ပြုကျင့်ရတဲ့အကျင့်၊ ပြုကျင့်ရတဲ့အလုပ် ဖြစ်တယ်။

ကာယကံမြောက်ဟာ ချက်ချင်းတော့ မဖြစ်ကြပါဘူး။ ကာယကံမြောက် ချက်ချင်းဖြစ်ဖို့လည်း မလွယ်ဘူး။

ဘာဖြစ်လို့လဲဆိုတော့ ပတ်ဝန်းကျင်ဆိုတဲ့အရာက ဖြစ်တည်ရှိနေလို့ပါပဲ။

ပတ်ဝန်းကျင်ရဲ့ မျက်လုံးတွေ၊ နှုတ်ခမ်းတွေကို ကြောက်တဲ့အတွက် ကာယကံမြောက် အမြန်ဖြစ်ဖို့ဆိုတာ မလွယ်လှဘူး။

တန်ဖိုးအလွန်နည်းပြီး အရှက်အကြောက်မရှိတဲ့ သူတွေသာ ကာမေသုမိစ္ဆာစာရကံကို အမြန်အဆန် ကျူးလွန်ကြတာ ဖြစ်တယ်။

လောကကြီးမှာ အဲသည်လိုတွေလည်း ရှိတတ်ပြန်ပါတယ်။ အရေအတွက်အားဖြင့်တော့ နည်းပါလိမ့်မယ်။ ကာယကံမြောက် ချက်ချင်းဖြစ်ဖို့ မလွယ်တော့ ဘယ်လိုဖြစ်သလဲဆိုရင် စိတ်ကနေစတင် ပြစ်မှားကြတာပါပဲ။

စိတ်မှာပြစ်မှားတာဟာ ရုတ်တရက် လူတွေမသိပါဘူး။ စိတ်က တိတ်တခိုးဖြစ်နေတာ ဘယ်လိုလုပ်ပြီး ရုတ်တရက် သိနိုင်မှာလဲ။

အမှုအရာပါလာမှသာ စိတ်ကို အကဲခတ်လို့ရတာဖြစ်တယ်။ ကာမေသုကံ ဖြစ်ကြတဲ့ သူတွေဟာ စိတ်ကစတင်ဖောက်ပြန်ကြတာ ဖြစ်ပါတယ်။ တစ်ဦးနဲ့တစ်ဦး ပြောဆိုရင်း၊ တွေ့မြင်ရင်း၊ သွားလာလုပ်ကိုင်ရင်း စိတ်က တဖြည်းဖြည်းလိုက်လာပါတယ်။

စိတ်ကပါလာပြီးတဲ့ နောက်မှာ ရုပ်ကပါ တဖြည်းဖြည်း လိုက်ပါလာပါတယ်။ စိတ်နောက်ကိုယ်ပါ ဖြစ်လာရင် ကာမေသုကံဟာ တဖြည်းဖြည်း နီးစပ်လာတော့တာပါပဲ။

လူ့စိတ်ဟာ မျောက်စိတ်လိုပဲ လော်လီတယ်လို့ အဆိုရှိတယ်။ အများတရားတွေမှာ စိတ်ကစပြီးမှားတာ များတယ်။ ချက်ချင်းမမှားပါဘူး။

စိတ်ထဲမှာ သာယာလာတယ်။ လိုချင်လာတယ်။ မက်မောလာတယ်။ အဲသည်အခါမှာ ရရှိအောင်၊ ဖြစ်လာအောင် ကြိုးပမ်းချင်တော့တာပါပဲ။

***စိတ်ကိုနိုင်နေရင်***

***မိမိစိတ်က ကောင်းမွန်ဖြောင့်မတ်မှန်ကန်နေရင်***

*ကာမေသုမိစ္ဆာစာရကံဟာ မဖြစ်မြောက်နိုင်ပါဘူး။*

*ရမ္မက်စိတ်နဲ့ သူ့မယားကို ကြည့်သောသူသည် စိတ်နှလုံးထဲ၌ ထိုမိန်းမနှင့် မှားယွင်းခြင်းဖြစ်သည်။*

**(မဿဲ ၅း ၂၇၊ ၂၈ )**

အဲသည် သမ္မာကျမ်းစာထဲကလိုပါပဲ။

ကိလေသာတဏှာစိတ်နဲ့ သူ့ယောက်ျားကိုကြည့်တဲ့ သူဟာ စိတ်နှလုံးထဲမှာ ထိုယောက်ျားနှင့် မှားယွင်းခြင်းဖြစ်တာပါပဲ။

# ခဲအိုမှေ့သောမီး

ခယ်မနဲ့ ခဲအိုဆိုတာ အတူနေကြရင်း အလွန်နီးစပ်မှု ရှိကြပါတယ်။

မိဘမရှိတော့လို့ အစ်မကြီးနဲ့နေရတဲ့ ညီမတွေဟာ ခဲအိုကောင်းနဲ့တွေ့မှ ဘဝ ငြိမ်းချမ်းတတ်ပါတယ်။

ခဲအိုဆိုးနဲ့တွေ့ရင်တော့ အလွန်ဒုက္ခရောက်ကြပြီး ကိုယ်ကိုကိုယ် အဲသည် အိမ်ထောင်စုထဲက ခွဲမထွက်ရင် တစ်နေ့မဟုတ် တစ်နေ့ဒုက္ခတွေ့ရတတ်တယ်။

မြို့တစ်မြို့မှာ ခဲအိုဆိုးနဲ့တွေ့ခဲ့ရတဲ့ မထွေးမေဆိုတဲ့ ကောင်မလေးတစ်ယောက် ရှိတယ်။

မထွေးမေဟာ အသက်ဆယ့်ကိုးနှစ်ရှိပြီ။ ဖခင်က အရင်ကွယ်လွန်ခဲ့ပြီး မိခင်က သူဆယ်တန်းရောက်တဲ့နှစ်မှာ ကွယ်လွန်တယ်။

သူ့မှာ အစ်မကြီးတစ်ယောက်သာ ရှိတယ်။ အစ်မလုပ်သူကလည်း စီးပွားမရှာတတ်ဘူး။ ခင်ပွန်းသည်ရဲ့ ရှာစာကိုပဲ ကလေးသုံးယောက်နဲ့ ထိုင်စားနေသူဖြစ်တယ်။

မိဘတွေမရှိတော့တဲ့အချိန်မှာ မထွေးမေဟာ အစ်မနဲ့ အတူနေပါတယ်။

ကျောင်းဆက်မတက်နိုင်တော့တဲ့အတွက် ဆေးလိပ်ခုံတစ်ခုမှာ အလုပ်ဝင်လုပ်တယ်။ မထွေးမေဟာ ကလက်တက်တက် ပျံတန်တန် မဟုတ်ပါဘူး။ ဗိုင်းကောင်းကျောက်ဖိ မိန်းကလေးတစ်ယောက်ပါ။

ဒါပေမယ့် ထွေးမေက ပြည့်ဖြိုးတယ်။ ကိုယ်ခန္ဓာ အချိုးအဆစ် ပြေပြစ်ပါတယ်။ ကာလသားတွေ ငေးမောသဘောကျရတဲ့ မိန်းကလေးတစ်ယောက်။

ထွေးမေရဲ့ခဲအို ကိုဘလွန်းဟာ စီးပွားရှာရာမှ အလွန်ကြိုးစားရှာပါတယ်။ အဲဒါကြောင့်လည်း မချမ်းသာနိုင်ပေမယ့် ဆင်းရဲအောင်တော့ မနေရဘူး။ စားနိုင်သောက်နိုင် အဆင့်မှာနေရတယ်။

ထွေးမေဟာ သူ့အစ်မအိမ် ရောက်ပြီးကတည်းက တခြားအရာတွေ နေရထိုင်ရတာ အဆင်ပြေပေမယ့် ကိုဘလွန်းကြီးရဲ့ မျက်စိအကြည့်ကို သူသဘောမကျဘူး။ ခဲအို မျက်လုံးအကြည့်ဟာ အဓိပ္ပာယ်တစ်မျိုး ဆောင်နေတယ်လို့ သူသဘောပေါက်ခဲ့တယ်။

မျက်လုံးအကြည့်တွေထဲမှာ တဏှာရာဂအကြည့်ဟာ အလွန်သိသာပါတယ်။ ကြောက်စရာလည်း ကောင်းလှပါတယ်။ သူမ မနှစ်မြို့သူ့အဖို့မှာ အလွန်အော့နလုံးနာစရာ ကောင်းလှပါတယ်။ အကြည့်ခံရရင် တကယ် ခံပြင်းစရာကောင်းတယ်။

ထွေးမေဟာ သူ့ခဲအိုအကြည့်ကို မကြိုက်ဘူး။ အကြည့်လည်း မခံချင်ဘူး။ သည်အကြည့်ကိစ္စကို အစ်မကို ဖွင့်မပြောရဲဘူး။

သူ့မှာ တခြား ပြောင်းနေရအောင်လည်း နေစရာမရှိဘူး။ သည်မြို့က ဆွေမျိုးနီးစပ် တစ်ယောက်မှမရှိဘူး။ ရွာတစ်ရွာမှာ ဒေါ်ကြီးတစ်ယောက်ရှိပေမယ့် ထွေးမေကို အစ်မက သွားနေခွင့်မပေးဘူး။

ခဲအို ကိုဘလွန်းဟာ ခရီးထွက်လို့ ပြန်လာတိုင်းမှာ ထွေးမေဖို့ပါ လက်ဆောင် ဝယ်လာတတ်တယ်။ ခဲအိုရဲ့ လက်ဆောင်ကို ခယ်မက မလိုချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခဲအိုအကြည့်တွေကို မကြိုက်လို့ပါပဲ။ ရည်ရွယ်ချက်နဲ့ပေးသလို ဖြစ်နေလို့ဖြစ်တယ်။

အစ်မဖြစ်သူကတော့ ရိုးအတာမှ အရမ်းပါပဲ။ သူ့ယောက်ျား သည်လိုညီမအတွက်ပါ ဝယ်ဝယ်လာတာကို သူသဘောကျနေတယ်။ သူ့ညီမကို မျက်နှာငယ်လေးမို့ သနားနေတယ်လို့ ယူဆနေတယ်။

ခဲအိုဟာ အကြည့်ကနေ တစ်ဆင့်တက်လာခဲ့တယ်။ ကွယ်ရာမှာဆို ကျောပုတ်၊ ခေါင်းပုတ် လုပ်လာခဲ့တယ်။ မေထွေးဟာ ခဲအိုခရီးမထွက်တဲ့ နေ့တွေဆိုရင် အိမ်မှာနေရတာ ဒုက္ခရောက်နေတယ်။ အဲဒါကြောင့် ဆေးလိပ်ခုံကနေ ညနေမိုးချုပ်မှ ပြန်တတ်တယ်။

တစ်နေ့မှာ ထွေးမေ ဒုက္ခတွေ့တော့တာပဲ။ အဲသည်နေ့က အစ်မဟာကြွေးကိစ္စနဲ့ အပြင်သွားနေတယ်။ ကလေးတစ်ယောက် အဖော်ခေါ်သွားတယ်။ ကျန်ကလေး နှစ်ယောက်ကလည်း ဗီဒီယိုသွားကြည့်နေကြတယ်။

ထွေးမေဟာ အစ်မရှိတယ်အထင်နဲ့ အိမ်ပေါ်တက်ခဲ့တာဖြစ်တယ်။ အိမ်ပေါ်မှာ ခဲအိုရှိမှန်းလည်း မသိဘူး။ သူအိမ်ပေါ်တက်စဉ်က ခဲအို လုံးဝအိမ်ပေါ်မှာမရှိဘူး။ ဘယ်အချိန် ရောက်လာခဲ့တယ် မသိခဲ့ဘူး။ အဲသည်နေ့ညနေက ထွေးမေကို ခဲအို အနိုင်ကျင့်ခံခဲ့ရတယ်။ သန်မာတဲ့ ခဲအိုရဲ့ လက်က မရုန်းနိုင် မအော်နိုင်ခဲ့ဘူး။ အားခြင်းမမျှတော့ အရှုံးပေးခဲ့ရတယ်။ ထွေးမေ ရှိုက်ကြီးတငင်ငိုနေတာကို အစ်မဖြစ်သူပြန်လာတော့ မြင်တယ်။ ထွေးမေက ပြောပြလို့ အကြောင်းစုံကို သိရတယ်။

အစ်မဖြစ်သူဟာ ဒေါသအကြီးအကျယ်ဖြစ်ပေမယ့် ဘာလုပ်လို့လုပ်ရမှန်း မသိပါဘူး။ ပတ်ဝန်းကျင်သိမှာကိုလည်း အလွန်ရှက်နေတယ်။

အဲသည်လို ကာမေသုမိစ္ဆာစာရက်ကို ခဲအိုကိုဘလွန်း ကျူးလွန်ပြီးတဲ့နောက်မှာ သူတို့ မိသားစုကမ္ဘာလေးဟာ ပျက်စီးသွားတော့တာပါပဲ။

အဲသည်အဖြစ်အပျက် ဖြစ်ပျက်ပြီး နောက်သုံးလမှာ ထွေးမေဟာ မြစ်ထဲခုန်ဆင်းပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားခဲ့တယ်။ အရှက်နဲ့ အသက်ကို လဲလှယ်ခဲ့တယ်။ ထွေးမေရဲ့

အစ်မဟာ နောက်ခြောက်လကျော်လောက်မှ မအိပ်နိုင်မစားနိုင်ဖြစ်ပြီး စိတ်ဝေဒနာရှင်ဖြစ်ရာက နောက်တစ်နှစ်မှာ ဆုံးသွားတယ်။ သေတော့ ရန်ကုန် စိတ်ကျန်းမာရေးဆေးရုံမှာ သေသွားခဲ့ရှာတယ်။

ကိုဘလွန်းဟာ ကလေးသုံးယောက်နဲ့ ကျန်ခဲ့ပြီး သူကိုယ်တိုင်လည်း စိတ်ထိခိုက်လို့ ပိန်းချုံးပြီး လူရုပ်မပေါ်အောင် ဖြစ်နေတယ်။ စီးပွားရေးကလည်း ပျက်စီးပြီး တစ်နေ့စာ တစ်နေ့ မနည်းရှာဖွေစားသောက်နေရတယ်။

ကိုယ်မွေးတဲ့မီး ကိုယ့်ကိုပြန်လောင်တာပါပဲ။

တစ်ညနေမှာ တစ်ချိန်(မိနစ်ပိုင်းကလေး) ကျူးလွန်ခဲ့တာ ကာမေသုမိစ္ဆာစာရကံကြောင့် ဘဝတစ်ခုလုံး ပျက်စီးသွားတော့တယ်။

တဒင်္ဂသာယာမှုကို လိုချင်လို့ ထာဝရဘဝ သာယာမှုတွေ ဆုံးရှုံးခဲ့ရပြီဖြစ်တယ်။

ကာမေသုမိစ္ဆာစာရကံဟာ ပြုမူပြီးရင် ပြုပြီးသူကိုယ်တိုင် နောင်တခံစားရတာမျိုးပါပဲ။

နောင်တမရှိတဲ့ လူစားမျိုးဆိုတာကတော့ သိပ်ကို မိုက်တွင်းနက်ပြီး အသိတရားမရှိတဲ့ လူစားမျိုးသာ ဖြစ်ပါလိမ့်မယ်။

ကိုဘလွန်း နောင်တရချိန်ဟာ သိပ်ကိုနောက်ကျသွားခဲ့ပြီ။ သူကိုယ်တိုင် အဲသည်စိတ်နဲ့ တစ်သက်လုံး စိတ်ဆင်းရဲနေတယ်။

ကလေးသုံးယောက် အရွယ်ရောက်တဲ့အထိ ရှာဖွေကျွေးမွေးပြီး နေခဲ့တယ်။ နောက်ထပ်အိမ်ထောင် မပြုခဲ့ဘူး။ ကိုဘလွန်း အသက်ငါးဆယ့်ရှစ်နှစ်မှာ ရဟန်းဝတ်တယ်။ အသက်ရှစ်ဆယ်ကျော်မှ ရဟန်းဘဝနဲ့ပဲ ရွာကလေးတစ်ရွာမှာ နိဂုံးဇာတ်သိမ်းသွားခဲ့တယ်။

ခဏတာသာယာမှုရတဲ့ ကာမေသုမိစ္ဆာစာရကံဟာ ဘာကောင်းသလဲ။

သေသူသေ၊ ရူးသူရူးဖြစ်ပြီး အထီးကျန်ဖြစ်ခဲ့ရတယ် မဟုတ်လား။

နောက်မှရတဲ့ နောင်တဆိုတာ မီးလို အလွန်ပူပါတယ်။

ကာမေသုမိစ္ဆာစာရကံကြောင့် ကိုယ်မွေးတဲ့မီး ကိုယ်အလောင်မခံရအောင် လူ့ဘဝမှာ နေကြရမယ်။

# အပြာရုပ်ရှင်

နိုင်ငံခြား အပြာရုပ်ရှင်ကားတွေဟာ လူငယ်တွေကို သိပ်ပျက်စီးစေပါတယ်။

အရွယ်မရောက်ခင်မှာ အတွေးအခေါ်များတွေ ခေါင်းထဲဝင်ကုန်ကြပါရော။

သတင်းစာထဲကလည်း အော်သံတွေ၊ တိုင်စာတွေ ရှိကြပေမယ့် အချို့နေရာတွေမှာ ပုန်းလျှိုးကွယ်လျှိုး ပြနေကြတာပါပဲ။

အပြာရုပ်ရှင်ကားတွေဟာ မသိနားလည်တဲ့ လူငယ် လူရွယ်တွေကို လမ်းမှားပို့တာ ဖြစ်တယ်။

ပညာသင်ရမယ့် အရွယ်မှာ မဟုတ်မမှန်တဲ့ စိတ်တွေ ဝင်လာတော့တယ်။ မဟုတ်တဲ့ဘက်မှာ အထင်ကြီးကုန်တော့တယ်။ အတုယူကုန်တော့တယ်။

မြို့တစ်မြို့က ဆယ်ကျော်သက်ရွယ် လူငယ်လေးတစ်ဦးဟာ သူတို့မြို့မှာ ညနေပိုင်း တစ်ချိန်ပြတတ်တဲ့ အပြာကားကို မကြာခဏ ကြည့်တယ်။

အပြာကားတွေ ကြည့်ရာကနေ သူ့စိတ်ထားတွေ ပြောင်းလာတယ်။

သူနဲ့ ရင်းနှီးတဲ့ ကောင်မလေးတစ်ယောက်ကို ကြံစည်လာတယ်။ ကောင်မလေးကလည်း သူလိုပဲ ဆယ်ကျော်သက် ကလေးပါပဲ။

ကောင်လေးဟာ အပြာကားတွေ ကြည့်ပါများရာက ကောင်မလေးကို ကျူးလွန်ချင်တဲ့ စိတ်တွေ တစ်နေ့တစ်ခြား ပေါ်ပေါက်နေတယ်။

သူတို့မြို့မှာ ဇာတ်ပွဲဝင်တဲ့တစ်ညမှာတော့ သူဟာ မိုက်မိုက်ကန်းကန်း ကြံစည်လာတော့တယ်။ အိမ်စောင့်ကျန်ခဲ့တဲ့ ကောင်မလေးထံ နည်းမျိုးစုံနဲ့ ရောက်အောင် လာခဲ့တယ်။

အဲသည်ညက မုဒိန်းမှုဖြစ်တယ်။

ကောင်လေးကို အိမ်နီးချင်းတွေ ဝိုင်းဝန်းရိုက်ပြီး ရဲစခန်းကို ပို့တယ်။

ဆယ့်ငါးနှစ်တောင် မပြည့်သေးတဲ့ ကောင်လေးဟာ သူ့လိုပဲ ဆယ့်ငါးနှစ်တောင် မပြည့်သေးတဲ့ ကောင်မလေးကို မုဒိန်းမှုကျူးလွန်တယ်။

အဲသည်လိုဖြစ်ရတာဟာ အပြာကားတွေကနေ သင်ကြားပေးတဲ့ ကာမေသုမိစ္ဆာစာရ ကံတွေပါပဲ။ ငယ်သေးတော့ ရှူးရှူးမိုက်မိုက်လုပ်ကြတယ်။

တကယ်တော့ အပြာကားတွေဟာ အရွယ်ရောက်တဲ့ လူကြီးအတွက်လည်း လုံးဝ မကောင်းပါဘူး။

အဲသည်လိုကားမျိုးတွေ ကြည့်တာဟာ လိင်စိတ္တဇ ရောဂါဖြစ်စေပါတယ်။

မဟုတ်မဟတ်တွေ ခံစားချင်စိတ် ပေါက်လာစေပြီး အတွေ့အာရုံမှာ ပေါက်ကရတွေ လုပ်ချင်လာတတ်ပါတယ်။

အပြာကားတွေကနေ လှုံ့ဆော်ပေးတဲ့စိတ်က ကာမသေသုမိစ္ဆာစာရကံတွေဘက်မှာ အားကောင်းပါတယ်။ မိန်းမလိုက်စားချင်တဲ့စိတ်တွေ များတယ်။

ဖောက်ပြန်တဲ့ စီးပွားရေးသမားရှိတဲ့ အရင်းရှင်နိုင်ငံကြီးကနေ အဲသည်လို အပြာရုပ်ရှင်တွေကို ထုတ်လုပ်တာဖြစ်တယ်။

အဲသည်နိုင်ငံမျိုးတွေမှာ မုဒိန်းမှုတွေ သိပ်ပေါများတာပါပဲ။

အချို့နိုင်ငံ စီးပွားရေးသမားတွေဟာ အလွန်ကြောက်စရာ ကောင်းပါတယ်။

သူတို့ဟာ ငွေရရင်ပြီးရော လူတွေကို တိရစ္ဆာန်လိုလုပ်ပြကြတယ်။ တိရစ္ဆာန်လိုပဲ အရှက်မရှိကြပါဘူး။

အနောက်နိုင်ငံမှာ လိင်စိတ္တဇရောဂါဟာ တစ်နေ့တခြား များပြားတိုးတက်နေတယ်။ အဲသည်လိုဖြစ်ရတာဟာ အပြာရုပ်ရှင်၊ အပြာစာအုပ်တွေနဲ့ ဆက်စပ်နေပါတော့တယ်။

ကာမဂုဏ်ဆိုတာကို အသက်အရွယ်ရောက်မှ ပြည့်စုံအောင်လုပ်မယ်လို့ တွေးပြီး ငယ်စဉ်မှာ ကာမဂုဏ်ကို လုံးဝ စိတ်မရောက်သင့်ပါဘူး။

အပြာရုပ်ရှင်တွေဟာ အဲသည်စိတ်ကို အမြန်ဆုံးဖြစ်ပွားလာအောင် တွန်းပို့တာမျိုး ဖြစ်တယ်။

ဗဟုသုတအနေနဲ့လည်း မကြည့်သင့်ပါဘူး။ အဲသည် ဗဟုသုတမျိုးက ဒုက္ခရောက်စေမယ့် ဗဟုသုတမျိုးသာ ဖြစ်ပါတယ်။

လူ့ဘဝမှာ အဲသည်ကိစ္စကို ရှေ့တန်းတင်သူ မှန်သမျှဟာ ပညာရေး၊ စီးပွားရေး၊ ကြီးပွားရေးတွေမှာ နောက်ကျကျန်ခဲ့တာပါပဲ။

လူကို အတွေးအခေါ် မှားစေတဲ့ အပြာရုပ်ရှင်ကို မကြည့်မိအောင် နေကြရပါမယ်။

## ဘတ်(စ်) ကားပေါ်မှာ ကာမေသုသတိထား

ရန်ကုန်မြို့က ဘတ်(စ်)ကားတစ်စီးပေါ်မှာ ဖြစ်ပျက်တဲ့ အဖြစ်အပျက်လေးတစ်ခုပါပဲ။

ညနေဘက် ရုံးဆင်းချိန်၊ ကျောင်းဆင်းချိန်မို့ ကားတွေက လူကြပ်တယ်။

ယုတ်မာတဲ့ လူတစ်ယောက်ဟာ ကားကြပ်တာကို အခွင့်ကောင်းယူပြီး အမျိုးသမီး တစ်ယောက်ကို ဟိုထိသည်ထိ လုပ်နေတယ်။

အမျိုးသမီးက အစတော့ ရှက်လို့ဘာမှ မပြောသေးဘူး။ သူနဲ့ လွတ်အောင်ပဲ ရှောင်တယ်။

ဒါပေမယ့် ယုတ်မာတဲ့လူဟာ သူ့နားကိုပဲ အတင်းတိုးကပ်နေတယ်။ အတင့်ရဲစွာ ဟိုထိသည်ထိ ထပ်လုပ်တယ်။

လွန်လာတဲ့အတွက် အမျိုးသမီးဟာ သည်းမခံတော့ဘဲ တစ်တောင်ဆစ်နဲ့ တွက်တယ်။ နှုတ်ကလည်း မယုတ်မာဖို့ပြောပြီး ရန်တွေ့တော့တယ်။

ယုတ်မာတဲ့လူဟာ ကြောင်စီစီနဲ့ ကြည့်နေပြီးမှ မတော်တဆဖြစ်တာပါလို့ ပြောတယ်။

ကားပေါ်မှာက အမျိုးသမီးရဲ့ ခင်ပွန်းသည်ပါလာတယ်။

မှတ်တိုင်တစ်ခုလည်း ရောက်ရော အမျိုးသမီးရဲ့ ခင်ပွန်းဖြစ်သူက ယုတ်မာသူကို ကားပေါ်က အတင်းဆွဲချပါရော။

ခရီးသည်တွေ ဝိုင်းပြီးတားကြတာလည်း မရဘူး။ ကားအောက်ရောက်တော့ ယုတ်မာသူဟာ အမျိုးသမီး ခင်ပွန်းနဲ့ ကန်ကျောက်ထိုးနှက်တာတွေ ခံရတယ်၊ ခေါက်ထီးနဲ့ရိုက်လို့ ခေါင်းလဲ ပေါက်ပြဲသွားတယ်။

ကားနားကို ရဲတပ်ဖွဲ့ဝင်တစ်ဦး ရောက်လာခဲ့တဲ့အခါ သူတို့ကို ဖမ်းတယ်။ ကားကို ရဲစခန်းမောင်းဖို့ပြောတယ်။ ရဲတပ်ဖွဲ့စခန်းမှာ ယုတ်မာသူရော လင်မယားနှစ်ယောက် ကျန်ခဲ့တယ်။

ယုတ်မာသူဟာ အမှုဖွင့်ခံရတဲ့အထိ အရေးယူခဲ့ရတယ်။

ကာမေသုမိစ္ဆာစာရကံဟာ ဘယ်အတိုင်းအတာနဲ့ပဲ ပြုကျင့်ကျင့် အပြစ်ရှိတာပါပဲ။ အပြစ်က လွတ်တယ်လို့မရှိဘူး။ အမျိုးသမီးက မပြောချင်လို့ နေတောင်မှ အပြစ်ရှိတာပါပဲ။

လူအချို့ဟာ စိတ်ထား ယုတ်မာတတ်ကြတယ်။ ကားကြပ်တဲ့အချိန်မှာ အခွင့်အရေး ယူတတ်ကြတယ်။ အဲသည်လို ပြုမူတဲ့အတွက် ရရှိတဲ့ သာယာမှုဟာ ဘယ်လောက် ခံစားရမှာမို့လဲ။

မကျေနပ်၊ မခံနိုင်လို့ အပြစ်ဖြစ်လာပြီဆိုရင် အဲသည်အပြစ်ဟာ တရားဥပဒေအထိတောင် ရင်ဆိုင်လာရတတ်တယ်။ ကားပေါ်မှာ ကာမေသုမိစ္ဆာစာရကံ မကျူးလွန်မိအောင် သတိထားကြရမယ်။

အချို့ဟာ ကားပေါ် ရထားပေါ် သင်္ဘောပေါ်တွေမှာ လူကြပ်ပြီဆိုရင် နီးစပ်ပြီဆိုရင် ပေါက်တတ်ကရ စိတ်ထားတွေ ဝင်လာရော။

နမချင်းမစာနာ၊ အမိခြင်း မစာနာတတ်ကြတော့ဘူး။ ထိမိ၊ တို့မိလို့ ဖြစ်လာမယ့် အကြောင်းဆက်ကို မစဉ်းစားဘဲ စိတ်အလို လိုက်ကြတယ်။ အတွေ့အထိပေါ်မှာ သာယာကြတယ်။

အချို့ မိန်းကလေးများက ရှက်လို့ ဘာမှမပြောတာကို အခွင့်ကောင်းယူသူတွေ ရှိတယ်။ တကယ်တော့ မိန်းကလေးတစ်ယောက်ကို သက်သက်ဒုက္ခပေးတာပဲ။ စိတ်ဒုက္ခ၊ ကိုယ်ဒုက္ခ ရှာကြံပေးတာနဲ့ တူပါတယ်။

တစ်ကြိမ်မြင်ဖူးတာကတော့ ကျောင်းသူတစ်ဦးကို ကားပေါ်မှာ ဟိုထိသည်ထိလုပ်တဲ့ လူတစ်ယောက်ကို ကျောင်းသားတွေ ဝိုင်းထိုးကြတယ်။

ကားကြပ်လို့ ထိမိတာမျိုး တမင်လုပ်တာမျိုးက သိသာပါတယ်။

ကားပေါ်မှာ မိန်းကလေးနဲ့ ကပ်နေရင် ယောကျ်ားလေးက ရှောင်ရမှာပဲ။ ကျောပေးပြီး ရပ်သင့်ရပ်ရမှာဖြစ်တယ်။ လူကြားသူကြားမှာ ကာမေသုကံ ကျူးလွန်ခြင်းဟာ အလွန်ကို အရှက်နည်းတဲ့ သူတွေလုပ်တတ်တဲ့ အလုပ်မျိုးဖြစ်တယ်။ ပြဿနာပေါ်လာပြီဆိုရင်တော့ လူကြားသူကြားမှာ အရှက်တကွဲ အကျိုးနည်းဖြစ်မှာပါပဲ။

# ဖွဲ့တစ်ဆုပ်နိုင်သေးရင်

ကာမေသုမိစ္ဆာစာရကံမှာ အသက်ငယ်စဉ်မှာသာ စောင့်ထိန်းရမည့်အရာမဟုတ်ဘူး။

ထိုကံကို အသက်ကြီးသည်အထိ စောင့်ထိန်းရမှာဖြစ်တယ်။ ဖွဲ့တစ်ဆုပ်နိုင်သေးလျှင် ကျားစိတ်မကုန်သေးဘူးလို့ ဆိုတယ်။

ဘကြီးမွှန်းတစ်ယောက်ရဲ့ အဖြစ်အပျက်လေးဟာ သင်ခန်းစာယူစရာ အဖြစ်အပျက် တစ်ခုပါပဲ။

ဘကြီးမွှန်းဟာ ဆေးရိုးကုန်သည်တစ်ယောက်ဖြစ်ပြီး လယ်အချို့လည်း ပိုင်ဆိုင်တယ်။

သူ့ရဲ့အိမ်ထောင်ဘက်ဟာ သားသမီးငါးယောက်ရပြီးမှာ ဆုံးခဲ့တယ်။ မုဆိုးဖိုဘဝမှာ အသက်လေးဆယ်ကျော်မှာ ရောက်ခဲ့တယ်။

သားတွေသမီးတွေက ကြီးပြင်း အသီးသီး အိမ်ထောင်ပြုသွားကြတော့ သူနဲ့အတူ တစ်ယောက်မှ မနေကြတော့ဘူး။ အကြောင်းအမျိုးမျိုးနဲ့ သားသမီးတွေက ရွာကိုလည်းစွန့် အဖေကြီးကိုလည်း ခွာသွားကြတယ်။

ဘကြီးမွှန်းဟာ သည်ရွာနေ သည်ရွာချက်မြှုပ်ဖြစ်တယ်။ သူ့ရဲ့မိဘတွေကလည်း သည်ရွာမှာပဲ ခေါင်းချသွားကြပါတယ်။ တစ်ကိုယ်တော်ဖြစ်တဲ့ ဘကြီးမွှန်းကို အိမ်နီးနားချင်းတွေက စောင့်ရှောက်ကြပါတယ်။

သူစားသောက်ဖို့ ထမင်းဟင်းကိုတော့ ငွေရီဆိုတဲ့ အသက်နှစ်ဆယ့်တစ်နှစ် ကောင်မလေးက လာရောက်ချက်ပြုတ်ပေးပါတယ်။

ဘကြီးမွှန်းဟာ အသက်ခုနစ်ဆယ့်ရှစ်နှစ်ရှိပြီမို့ ဖောက်ပြန်မှု ဘာမှမရှိဘူးလို့ ထင်ကြတယ်။ ရှစ်ဆယ်ပြည့်ဖို့လည်း နှစ်နှစ်သာလိုတော့တယ်။ မျက်စိကလည်း မှုန်နေပြီဖြစ်တယ်။

ငွေရီက နှစ်ဆယ့်တစ်နှစ်။

ဘကြီးမွှန်းက ခုနစ်ဆယ့်ရှစ်နှစ်။

အသက်အားဖြင့် ငါးဆယ်နဲ့ ခုနစ်နှစ်တောင် ကွာခြားပါတယ်။

အဲသည်လို ကွာခြားပေမယ့် ထမင်းချက် ဟင်းချက်၊ ဆေးပေးမီးယူလုပ်ရင်းက ငြိစွန်းကြရော။

အသက်ကြီးမှ ကာမေသုမိစ္ဆာစာရကံကို အဘိုးကြီး မစောင့်ထိန်းနိုင်ခဲ့ဘူး။ သားသမီးတွေ မျက်နှာကို မထောက်ထားဘူး။

ငွေရီမှာ မပေါ့မပါးဖြစ်လာတဲ့အခါမှ ဘကြီးမွန်း ဒုက္ခတွေတော့တာပါပဲ။

တာဝန်မယူလို့လည်းမဖြစ်၊ သည်ရွာမှဆက်နေဖို့လည်း ရှက်တော့ ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေတယ်။ သည်လိုကိစ္စမျိုးဆိုတာက တိုင်ပင်လို့ကောင်းတဲ့ ကိစ္စမျိုးလည်း မဟုတ်ဘူး။

နောက်ဆုံးတော့ ငွေရီရဲ့အမေကို စာရေးပြောခဲ့ပြီး ဘကြီးမွန်းနဲ့ ငွေရီဟာ ရွာကထွက်ပြေးရတဲ့ဘဝကို ရောက်ရော။

ဘကြီးမွန်းဟာ နေရာသစ်တစ်ခုမှာ ပါလာတဲ့ ငွေရီနဲ့ အိပ်ခန်းကျဉ်းကျဉ်းလေး ငှားရတယ်။

ငွေရီကို သမီးအဖြစ်နဲ့ ကြော်ငြာထားပြီး အတူနေတယ်။

ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်မိတော့ မသေခင်မှာ ငရဲရောက်နေတယ်။ နေရာသစ်ရောက်မှ ပစ္စည်းအခိုးလည်းခံရတယ်၊ စားဝတ်နေရေးလည်း အဆင်မပြေဘူး။

ရွာမှကျန်ခဲ့တဲ့ ပစ္စည်းတွေလည်း ထိန်းသိမ်းသူမရှိတော့ ပျက်စီးကုန်ပါရော။

ငွေရီရဲ့ မိခင်ကလည်း ရှက်လွန်းတဲ့အတွက် သူ့အိမ်ကို စောင့်ရှောက်မပေးဘူး။ စိတ်ထောင်း ကိုယ်ကြေဆိုသလို ဘကြီးမွန်းဟာ နေရာသစ်ကိုရောက်ပြီး တစ်နှစ်အကျော်မှ လေဖြတ်သွားတယ်။

ငွေရီကလည်း ကလေးငယ်လေးကိုပိုက်ပြီး မရှာတတ် မစားတတ် ဒုက္ခရောက်နေတယ်။

ဘကြီးမွန်း လယ်တွေကိုလည်း သူ့ရဲ့သားသမီးတွေက အရောင်းမခံကြဘူး။ ဒုက္ခများစွာ တွေ့ပြီးမှ ရွာကိုပြန်လာကြရတယ်။ ရွာကိုရောက်ပြန်တော့လည်း ဘကြီးမွန်းဟာ အိပ်ယာထဲ လဲနေတဲ့ ဘဝကိုရောက်နေခဲ့ပြီ။

ငွေရီကိုတော့ သူ့မိခင်က သနားပြီး ပြန်လက်ခံပါတယ်။ ဒါပေမယ့် ငွေရီလည်း ရှက်တဲ့စိတ်နဲ့ ရွာမှာ ခေါင်းမဖော်ဝံ့၊ အိမ်ပြင်မထွက်ဝံ့ဘူး။

အဲသည်လို လေဖြတ်ရောဂါနဲ့ပဲ ဘကြီးမွန်းဟာ ဘဝတစ်ပါးကို ဆင်းဆင်းရဲရဲ ပြောင်းသွားရရှာတယ်။

ရှက်လို့မလာကြတဲ့ သူ့ရဲ့သားသမီးတွေကလည်း သေမှပဲ ရွာကို တစ်ခေါက် ပြန်လာခဲ့ကြတယ်။ ဒါတောင်မှ ကြာကြာမနေကြဘူး။

ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်မိရင် ဘကြီးမွန်းဟာလည်း သည်လိုမျိုး အဖြစ်ဆိုးမျိုး ကြုံရမှာမဟုတ်ပါဘူး။ အသက်လည်း ရှည်ချင်ရှည်ရှည် နေရဦးမှာဖြစ်တယ်။

မစဉ်းမစား ပြုမူမိရင် ဒုက္ခကို ရင်ဝယ်ပိုက်လိုက်မိတာနဲ့ အတူတူပါပဲ။

ငွေရှိကို သုံးပစ်လို့လည်းမရ၊ ရှောင်လို့လည်း မကောင်းဖြစ်တော့ ဒုက္ခကို ရင်ဝယ်ပိုက်လိုက်ရတာနဲ့ အတူတူပါပဲ။ အသိမကြွယ်တဲ့ ငွေရှိဟာလည်း ဘာမသိညာမသိ ငယ်ငယ်ရွယ်ရွယ်နဲ့မှာ ဒုက္ခနဲ့အတူ ကြီးပြင်းရတော့တာပါပဲ။

ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ရင် ဘယ်အရွယ် ဘယ်အချိန်မှ ကျူးလွန်သည်ဖြစ်စေ ဒုက္ခရောက်ကြရတာပါပဲ။

သာယာမှုဆိုတော တကယ်တော့ မရှိပါဘူး။ သဘာဝမကျရင် သာယာမှုဆိုတာ မရှိနိုင်ပါဘူး။ ဖောက်ပြန်ခြင်းဟာ ဆုံးရှုံးခြင်းသက်သက်ပဲ ဖြစ်တော့တယ်။

## မယားခိုး

သက်ဝေဟာ ဉစ္စာပေါ ရုပ်ချောဖြစ်ပြီး မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေသူတစ်ယောက်။

သက်ဝေသတင်းကို မထင်မှတ်ဘဲ ကြားလိုက်ရတော့ အလွန်အံ့သြနေကြရတယ်။ ဟုတ်မှဟုတ်ပါမလားလို့လည်း သံသယဖြစ်ကြတယ်။

ဘာဖြစ်လို့လဲဆိုတော့ သက်ဝေမှာ မိဘတွေ စေ့စပ်ကြောင်းလမ်းထားသူ ရှိတယ်။ ကောင်မလေးက ပညာလည်း တတ်တယ်။ ရုပ်လည်းချောတယ်။ ကောင်မလေးရဲ့ မိဘ အသိုင်းအဝန်းက ဂုဏ်လည်းမြင့်၊ စီးပွားမှာလည်း တင့်တင့်တယ်တယ် တွေ့ပါပဲ။

ပြီးတော့ သက်ဝေနဲ့ အဲဒီကောင်မလေးကလည်း လူငယ်ချင်း နားလည်မှုရနေကြတာပဲ။

ခုတော့ ကြားရတဲ့သတင်းက ဘယ်လိုမှ အဆက်အစပ်မရှိတာ ဖြစ်နေတယ်။

သက်ဝေ မိန်းမခိုးသွားသတဲ့။

ခိုးသွားတဲ့ မိန်းမ ကိုသောင်းမိန်းမတဲ့။

အဲဒီလို ကိုသောင်းရဲ့မိန်းမ မခင်ညိုကို သက်ဝေက ခိုးပြေးတယ်ဆိုတော့ တော်ရုံ ဘယ်သူမှ မယုံကြည်ကြဘူး။

သက်ဝေက နှစ်ဆယ့်ခြောက်နှစ်။

မခင်ညိုက လေးဆယ့်သုံးနှစ်။

သူတို့နှစ်ယောက် အသက်ကလည်း ကွာလှပါတယ်။ မယုံကြည်နိုင်ကြပေမယ့် သူတို့နှစ်ယောက်လုံး ရပ်ကွက်ထဲက ပျောက်နေကြလို့ ဟုတ်သလို ထင်ကြတယ်။

ကိုသောင်းက ရဲတပ်ဖွဲ့စခန်းမှာ သက်ဝေကို မယားခိုးမှုနဲ့ စွဲဆိုထားတယ်။ သက်ဝေရဲ့ မိဘကတော့ သူ့သား ပျောက်သွားလို့ လူပျောက်မှု ဖွင့်ထားတယ်။

ဘယ်လိုပဲစုံစမ်းကြပေမယ့် သဲလွန်စပျောက်နေတယ်။ တော်တော်နဲ့ စုံစမ်းလို့မရကြဘူး။

နှစ်ယောက်အတူ ပျောက်နေတာ ကြာတဲ့အတွက် ခိုးပြေးကြတယ် ဆိုတာကတော့ ရှစ်ဆယ်ရာခိုင်နှုန်း သေချာသွားပါပြီ။ သူတို့နှစ်ယောက် အဆက်အသွယ်ရှိတယ်ဆိုတာ ဘယ်သူမှ သေသေချာချာ မသိကြဘူး။

ကိုသောင်းကတော့ သေသေချာချာသိလို့သာ သက်ဝေကို မယားခိုးမှုနဲ့ တရားစွဲဆို တိုင်တန်းခဲ့တာဖြစ်တယ်။ တစ်နှစ်နီးပါးကို သတင်းပျောက်နေတယ်။ နောက်မှ သတင်းထွက်လာတယ်။ မခင်ညိုရဲ့ ဆွေမျိုးများရှိတဲ့ရွာ တစ်ရွာမှာ သူတို့နှစ်ယောက် ရှိနေကြသတဲ့။

သတင်းရတော့ ကိုသောင်းဟာ သက်ဆိုင်ရာကို သတင်းပေးပို့တယ်။ သွားဖမ်းတာ မိလာခဲ့တယ်။ မယားခိုးမှုနဲ့ အချုပ်ခန်းမှ အဖမ်းခံနေရတဲ့ သက်ဝေကို သွားကြည့်ကြတာ ရပ်ကွက်ထဲက လူတွေအများကြီးပဲ၊ အချို့လည်း လာတွေ့တယ်။ အချို့ကတော့ မတွေ့ရဘူး။

ရဲစခန်းဆို တစ်ကြိမ်မှ မရောက်ဘူးခဲ့တဲ့ သက်ဝေဟာ ရဲစခန်းထဲက အချုပ်ခန်းထဲကို ရောက်နေတော့ ငိုတာပေါ့။ သူ့မိဘတွေကလည်း ရင်ကျိုး၊ ဆွေမျိုးသားချင်းတွေလည်း စိတ်ထိခိုက် ဖြစ်ကြရတယ်။

သက်ဝေမှာ အရင်းနီးဆုံး မြမောင်ဆိုတဲ့ သူငယ်ချင်းရှိတယ်။ သက်ဝေရဲ့ အဖြစ်ကို မြမောင် အားလုံးသိတယ်။

သက်ဝေနဲ့ မခင်ညို ဖြစ်ကြတာ မြမောင်ပယောဂ မကင်းဘူး။ အမှန်ကတော့ မြမောင်က မခင်ညိုကို အချောင်ကြံနေတာပါ။ ကိုသောင်းနဲ့ ဆက်လက်မပေါင်းသင်းချင်တော့တဲ့ မခင်ညိုဟာ မြမောင်ကိုမဖမ်းဘဲ သက်ဝေကို အမိဖမ်းလိုက်တာဖြစ်တယ်။

မြမောင်တို့အိမ်ဟာ လူနည်းတယ်။ သုံးယောက်သာရှိပြီး နံနက်ဆို သူ့အဖေနဲ့အမေက ဈေးထဲမှာ ဈေးဆိုင်ထွက်ဖို့ အစောကြီးသွားကြတယ်။

မြမောင်ကို သက်ဝေက လာလည်တတ်တယ်။ မကြာခဏ လည်ပတ်ရာကနေ မြမောင်အိမ်ကို လာတတ်တဲ့ မခင်ညိုနဲ့ ဆက်သွယ်မိကြတာပဲ။

မခင်ညိုက မိန်းမလည် တစ်ယောက်ပါ။ သူဟာ မိဘကပေးစားလို့ ကိုသောင်းနဲ့ ယူရပေမယ့် ကိုသောင်းကို မချစ်ဘူး။ ကိုသောင်းက သူ့ထက် အသက်နှစ်ဆယ်ကြီးတယ်။

မခင်ညိုက သက်ဝေကို မာယာတွေနဲ့ ရက်ပိုင်းအတွင်း ဖမ်းခဲ့တာပါ။

တစ်နေ့မှာ မြမောင် ဈေးကို ထမင်းချိုင့်သွားပို့ပြီးတယ်။ သက်ဝေကို အိမ်စောင့်ခိုင်းခဲ့တယ်။

အဲသည်နေ့မှာ မခင်ညိုဟာ သက်ဝေကို မာယာတွေနဲ့ ကျူးသွင်းခဲ့တာပဲ။

အတွေ့ကို မရှောင်နိုင်တဲ့ သက်ဝေဟာ မခင်ညို အလိုကျဖြစ်သွားခဲ့တယ်။ မခင်ညိုက သူ့ကိုမယူရင် ခိုးမပြေးရင် အဓမ္မမှုနဲ့ တိုင်မယ်လို့ပြောတယ်။ ယူရင်တော့ ဘဝခရီးမှာ သူကိုယ်တိုင် လုပ်ကျွေးမယ်လို့ပြောတယ်။

သက်ဝေဟာ သူကျူးလွန်မိလိုက်တဲ့ ကာမေသုမိစ္ဆာစာရကံကြောင့် မယူချင်ဘဲ ယူလိုက်ရတယ်။ ကာမေသုမိစ္ဆာစာရကံ တစ်ကြိမ်ကျူးလွန်မိတာဟာ သက်ဝေဘဝကို ဒုက္ခဖြစ်စေတာပါပဲ။

သက်ဝေဟာ ထောင်ဒဏ် နှစ်နှစ်စီရင်ချက် အချခံခဲ့ရတယ်။

မခင်ညိုက သူ့ခင်ပွန်းဟောင်း ကိုဘသောင်းနဲ့ ပြန်ပြီးပေါင်းနေတယ်။ သက်ဝေဟာ ထောင်ကျပြီး ရဲဘက်စခန်းတစ်ခုကို သွားရတယ်။

အဲသည်ရဲဘက်စခန်းကို ပို့တဲ့နေ့က ရန်ကုန်ဘူတာကြီးမှာ သွားရမယ့်ရထားကို အကျဉ်းသား ရဲဘက်တွေနဲ့အတူ ပုံစံထိုင်ထိုင်ပြီး စောင့်နေရတုန်းမှာ သက်ဝေဟာ မခင်ညိုကို တွေ့တယ်။

ကိုသောင်းနဲ့ မခင်ညိုကတော့ သူ့ကိုမမြင်ပါဘူး။ ကိုသောင်းနဲ့ မခင်ညိုဟာ ရယ်မောပြုံးရွှင်ပြီး ဘာတွေပြောသွားကြတယ် ဆိုတာတော့ မသိဘူး။ သောမှာ ကလေးနှစ်ယောက်လည်း ပါတယ်။ မိသားစုလိုက်ကို သက်ဝေ လှမ်းမြင်တယ်။

မခင်ညိုကိုတွေ့တော့ သက်ဝေဟာ ကာမေသုမိစ္ဆာစာရကံကိုသွားပြီး သတိရရာကနေ သူ့ပါးပြင်မှာ မျက်ရည်ပူတွေ စီးဆင်းသွားပါတော့တယ်။

# မပြုံးကြောင့် မပြုံးနိုင်ပါ

ကာမေသုမိစ္ဆာစာရက်ကို ပြုကျင့်ရင် သေပြီးတဲ့နောက်မှာ ငရဲကျတယ်။ မျက်မှောက်ဘဝမှာ ဒုက္ခတွေကြုံတယ်။

ဖိုးမောင်အဖြစ်ကတော့ နောက်ဘဝ မရောက်ခင် ယခုဘဝမှာ ငရဲကျတော့တာပါပဲ။

ဖိုးမောင်ဟာ အသက်သုံးဆယ် မပြည့်သေးတဲ့ လူငယ်တစ်ယောက် ဖြစ်တယ်။ နှစ်ဆယ့်ကိုးနှစ် ကျော်ခဲ့ပြီ။ သုံးဆယ်တော့ မပြည့်သေးဘူး။

ကျောင်းပညာကို နဝမတန်းအထိ သင်ခဲ့တယ်။ နောက်တော့ ကျောင်းကထွက်ပြီး သူ့မိဘရဲ့ စီးပွားရေးလုပ်ငန်းမှာ ဝင်လုပ်တယ်။

ဖိုးမောင် ရုပ်ချောတာက ယောကျ်ားချောချောတာ မဟုတ်ဘူး။ မိန်းမချောချောတယ်။ မျက်နှာသွယ်တယ်။ အသားဖြူပြီး အရပ်ရှည်တယ်။ အဝတ်အစားကိုလည်း သပ်သပ်ရပ်ရပ် ဝတ်တတ်ပါတယ်။ သူဟာ သန့်ရှင်းမှုကိုလည်း သိပ်အရေးထားတာပါပဲ။

သူ့မိဘတွေက သူကိုချစ်တယ်။ ပညာရေးမှာ မတော်ပေမယ့် မိဘစီးပွားရေးကို ကူလုပ်တဲ့အတွက် သူ့ကို ချစ်ကြတယ်။ ဖိုမောင်က ပေါင်းသင်းဆက်ဆံရေးမှာ ကောင်းလို့ စီးပွားရေးလုပ်ရာတွင် ကျွမ်းကျင်တယ်။ အမြဲ ပြုံးနေတယ်။

အေးအေးဆေးဆေးရှိလှတဲ့ သူ့ဘဝဟာ နတ်ပွဲတစ်ခုကို ခရီးထွက်မိရာ ပြောင်းလဲသွားတော့တာပါပဲ။ အဲသည်ခရီးဟာ သူ့ဘဝကံဆိုးဖို့ ဇာတ်လမ်းစခဲ့တာပါပဲ။

နတ်ပွဲကို သူ့အစ်မ ဝမ်းကွဲတစ်ယောက်က ခေါ်တာဖြစ်တယ်။ ရန်ကုန်ကနေ တစ်ညအိပ်သွားရမယ်။ နတ်ပွဲမှာ နှစ်ရက်နေပြီးမှ ပြန်လာမယ်။

သူ့အစ်မ ဝမ်းကွဲနဲ့အတူ အမျိုးသမီးနှစ်ယောက် ပါတယ်။ စုစုပေါင်းလေးယောက် ခရီးထွက်ခဲ့ကြတယ်။

အဲသည့်ခရီးစဉ်မှာ ဖော်ရွေတတ်တဲ့ ဖိုးမောင်နဲ့ မပြုံးတို့ တွေ့ကြတာပဲ။

မပြုံးနဲ့ ဖိုးမောင် အစကတည်းက သိပြီးသားပါ။ ဘာဖြစ်လို့လဲဆိုတော့ လမ်းတစ်လမ်းတည်း နေကြလို့ဖြစ်တယ်။ တွေ့ကြတယ်ဆိုတာက ဖောက်ပြန်ဖို့ လမ်းစ တွေ့ကြတယ်လို့ ဆိုတာပါ။

မပြုံးဟာ အိမ်ထောင်ရှိတယ်။ သားသမီးမရှိဘူး။ မပြုံးဟာ အကျင့်စာရိတ္တကောင်းတဲ့သူ မဟုတ်ဘူး။ မုယာမာယာများတယ်။ သူ့ရဲ့လင်မသိအောင် ယောကျ်ားတွေနဲ့ တွဲတတ်တယ်။

အဲသည်ခရီးစဉ်မှာ ဖိုးမောင်က မပြုံးရဲ့ အမဲဖြစ်နေတော့တယ်။

မြင်းကမလှုပ် ခုံကလှုပ် ဖြစ်နေရာက လှုပ်ပါများတော့ နဲ့လာတယ်။

ဖိုးမောင်ဟာ မပြုံးရဲ့ ထိကပါး ရိကပါးလုပ်မှုတွေမှာ သာယာလာခဲ့တယ်။

ဒါပေမယ့် ဖိုးမောင်ဟာ သတိရှိပါတယ်။ မပြုံးမှာ အိမ်ထောင်ရှိမှန်းသိလို့ ဆင်ခြင်နေခဲ့တယ်။

ခရီးကပြန်လာတဲ့အထိ ဖိုးမောင်ဟာ ကာမေသုမိစ္ဆာစာရကံကို မကျူးလွန်မိသေးဘူး။

မပြုံးရဲ့ ခင်ပွန်းက နယ်မှာ အလုပ်လုပ်တယ်။ အိမ်ကို နှစ်လလောက်မှ တစ်ခါပြန်လာတယ်။

ဖိုးမောင်ဟာ မပြုံးအိမ်ကို အဝင်အထွက်ပြုရာက အလုပ်ပိတ်တဲ့တစ်ရက်မှာ ကာမေသုမိစ္ဆာစာရကံ ကျူးလွန်မိတဲ့အဖြစ်ကို ရောက်ရှိသွားရော။

အဲသည်လို ကျူးလွန်မိတဲ့အပြစ်ကို မပြုံးက ဘာမှမထူးဆန်းပေမယ့် ဖိုးမောင်မှာ တုန်လှုပ်ချောက်ချားခဲ့တယ်။ သူ ကျူးလွန်မိခဲ့တဲ့ ညပိုင်းမှာ မပြုံးခင်ပွန်း ပြန်ရောက်လာတာ တွေ့ပြီးကတည်းက သူ့စိတ်တွေ မတည်မငြိမ်တော့ဘူး။

ကြောက်နေတယ်။

မပြုံးတို့အိမ်နဲ့ သူတို့အိမ်ဟာ မျက်စောင်းထိုးရှိနေတယ်။ မပြုံးရဲ့ခင်ပွန်းကိုတွေ့ရင် ဖိုးမောင်ဟာ မျက်နှာချင်း မဆိုင်ရဲဘူး။

သူ့ဟာသူ လိပ်ပြာမလုံဘဲ စိတ်တွေလှုပ်ရှား ယောက်ယက်ခတ်တယ်။

မပြုံးနဲ့သူ ကျူးလွန်မိတာကို တစ်ယောက်ယောက်က မြင်ပြီး သူ့ခင်ပွန်းကို ပြန်တိုင်မလားလို့ စိတ်မှာထင်နေတယ်။ သူ ကျူးလွန်စဉ်က အိပ်ခန်းနားက လူတစ်ယောက် ဖြတ်သွားသံကို ကြားမိတဲ့အစွဲရှိတယ်။

သူ့ စိတ်တွေက ချောက်ချားလွန်းလို့ အဲသည်ညကစပြီး အိပ်မပျော်ဘူး။ စကားသံကြားရင် မပြုံးယောကျ်ားအသံလို့ ထင်နေတယ်။ လူခြေသံကြားရင်လည်း မပြုံးယောကျ်ားရဲ့ ခြေသံလို့ထင်နေတယ်။

တစ်ညအိပ်မပျော် နှစ်ည အိပ်မပျော်နဲ့ စိတ်ချောက်ချားလာခဲ့တယ်။ သည်လိုနဲ့ ဖိုးမောင်ဟာ စားမဝင် အိပ်မပျော်ဖြစ်လာတယ်။

သူ့အကြောင်းကိုလည်း အရပ်ထဲမှာ ပြောနေကြပြီလို့ ထင်နေတယ်။

အလုပ်လုပ်ရင်းလည်း သည်အကြောင်းတွေး၊ အိပ်ရာထဲ ရောက်လည်း အတွေးမပြတ်။

သည်လိုနဲ့ တစ်လအကြာမှာ ဖိုးမောင်တစ်ယောက် စိတ်ဝေဒနာဖြစ်နေပြီဆိုတာ သူ့ရဲ့မိဘတွေ ရိပ်မိလာတယ်။ သူဟာ သိသာအောင် အမူအရာတွေ ပြနေတာပဲ။ အအိပ်လည်း မမှန်ဘူးလေ။ အစားလည်း မမှန်ဘူး။

မိဘတွေက ဆရာဝန်ခေါ်ပြရတဲ့အထိ ဖြစ်လာတယ်။ ပယောဂဝင်တယ်ထင်လို့ ပယောဂဆရာတွေကိုလည်း ခေါ်ပြတယ်။

ဖိုးမောင်ဟာ မပြုံးယောက်ျားရဲ့ စကားပြောသံကြားရင် နေစရာမရှိအောင် ကြောက်နေတယ်။ မပြုံးတို့ အိမ်ဘက်ကိုလည်း မကြည့်ရဲဘူး။

တစ်နေ့မှာ မပြုံးယောက်ျားက လူမမာလာမေးတယ်။

ဖိုးမောင်ဟာ အိမ်ပေါ်တက်လာတဲ့ မပြုံးရဲ့ယောက်ျားကိုတွေ့တော့ နောက်ဖေးပေါက်ကနေ ဆင်းပြေးတော့တာပဲ။ အိမ်သားတွေ လိုက်ဖမ်းတာလည်း မရဘူး။ ညဘက်ရောက်မှပဲ အခြား လမ်းတစ်လမ်းထဲက ဖမ်းမိခဲ့တယ်။

မပြုံးနဲ့ သူတို့ ကာမေသုမိစ္ဆာစာရကံ ကျူးလွန်မိတာကို မပြုံးယောက်ျားက လုံးဝမသိပါဘူး။

ဖိုးမောင်ဟာ တစ်စတစ်စ စိတ်ဝေဒနာရှင်တစ်ယောက်ဖြစ်သွားပြီး စိတ်ကျန်းမာရေးဆေးရုံ ပို့ရတဲ့အထိပါပဲ။ လုံးဝ ရူးသွပ်သွားခဲ့တယ်။

သူက ထွက်ထွက်ပြေးလို့ ချုပ်နှောင်ထားရတယ်။ အစားလည်း မစားလို့ ပိန်ကပ်နေတယ်။ စားချင်တဲ့အခါမှ တစ်ခါတစ်လေ စားတယ်။

ရုပ်ချောလှတဲ့ ဖိုးမောင်ဟာ မျက်ကွင်းတွေချိုင့်ပြီး အလွန်ရုပ်ဆိုးသွားတယ်။

ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်မိလို့ သေမှငရဲမကျဘဲ ယခုဘဝမှာတင် ငရဲကျနေတယ်။

သူဘာကြောင့် သည်လိုဖြစ်သွားတယ်ဆိုတာ လောကကြီးမှာ သိသူတစ်ယောက်သာ ရှိပါတယ်။

သိတဲ့သူကတော့ မပြုံး။ မပြုံး ရယ်ပါ။

## မေထုန်ငယ်ခုနစ်ပါး

မေထုန်ငယ် ခုနစ်ပါးရှိတယ်။ မေထုန်ငယ် ခုနစ်ပါးကတော့...

*၁။ မိန်းမတို့က ကိုယ်လက်ဆံထုံး သုံးသပ်ပေးတာကို သာယာခြင်း။*

*၂။ မိန်းမတို့နှင့် ပြုံးရယ် စကားပျော်ပါး မြူးထူးခြင်း။*

*၃။ မိန်းမတို့အား တစိမ့်စိမ့်စိုက်ကြည့်ခြင်း။*

*၄။ မိန်းမအသံကို သာယာခြင်း။*

*၅။ ရှေးအခါက ပြုကျင့်ဖူးသော မေထုန်ကာမကို အာရုံပြု၍ သာယာခြင်း။*

*၆။ သူတစ်ပါးပြုကျင့်သော မေထုန်ကာမကို အာရုံပြု သာယာခြင်း*

*၇။ ဤသီလကြောင့် နတ်ရွာသုဂတိသို့ ရပါလို၏ဟု တောင့်တခြင်း* တွေ ဖြစ်တယ်။

ကိလေသာသာဖြစ်စေတဲ့ အကြောင်းအရင်း (၆) မျိုးကတော့ မျက်စိနှင့်အဆင်း။ နားနှင့်အသံ။ နှာခေါင်းနှင့်အနံ့။ လျှာနှင့်အရသာ။ ကိုယ်နှင့် အထိအတွေ့။ စိတ်နှင့် အကြံတွေပဲ ဖြစ်ပါတယ်။

# အိမ်တွင်းရေးအရှုပ်

ကာမေသုမိစ္ဆာစာရက်ံဟာ ဆင်းရဲသူမှ၊ ပညာမဲ့မှ ကျူးလွန်တာတတ်ကြတာမျိုး မဟုတ်ပါဘူး။ ဆင်းရဲ၊ ပညာမဲ့ပေမယ့် အသိတရားကြီးသူတွေ ရှိပါတယ်။ ဆင်းရဲပေမယ့် သီလနိုင်သူတွေ ရှိပါတယ်။

အချို့သော ပညာတတ်ပြီး ဉစ္စာချမ်းသာသူတွေရဲ့ ပတ်ဝန်းကျင်ထဲမှာလည်း ကာမေသုမိစ္ဆာစာရက်ံ ကျူးလွန်သူတွေ ရှိပါတယ်။

ချမ်းသာတဲ့သူတွေနေတဲ့ ရပ်ကွက်တစ်ခုက ဇာတ်လမ်းရှုပ်လေး တစ်ပုဒ်ရှိပါတယ်။

အိမ်ထောင်ဦးစီးလုပ်သူက နိုင်ငံခြားပြန် ကုမ္ပဏီပိုင်ရှင် တစ်ဦးဖြစ်တယ်။ လုပ်ငန်းရှင် တစ်ဦးဖြစ်တယ်။ ဇနီးဖြစ်သူက ဝန်ထမ်းအရာရှိငယ် တစ်ယောက်ပါ။

သူတို့မှာ သားတစ်ယောက်၊ သမီးတစ်ယောက် ရှိတယ်။ သားသမီးတွေကလည်း ဘွဲ့ရပညာတတ်တွေ ဖြစ်ကြတယ်။ နိုင်ငံခြားထွက်ဖို့ ကြိုးစားနေကြသူတွေ ဖြစ်တယ်။

သူတို့မိသားစုဟာ ပညာလည်း ပြည့်စုံ၊ ဉစ္စာလည်းမပူရ၊ စီးပွားရေးကလည်း တက်မို့ အလွန်ချမ်းမြေ့သာယာတဲ့ မိသားစု တစ်ခုပါပဲ။

ဒါပေမယ့် အကြောင်းကံတစ်မျိုးက သူတို့မိသားစု ကမ္ဘာလေးထဲကို တိုးဝင်လာခဲ့တယ်။

အိမ်ထောင်ဦးစီးဖြစ်တဲ့ ဖခင်ဟာ အသက်လေးဆယ်ငါးနှစ်ပဲ ရှိသေးတယ်။ လူလတ်ပိုင်း အချိန်အရွယ်ထဲမှာ ရောက်နေပြီ။

ဖခင်ဖြစ်သူဟာ မဟာဝိဇ္ဇာဘွဲ့ကိုရပြီး နိုင်ငံခြားမှာ အလုပ်သွားလုပ်ခဲ့ဖူးတယ်။

ပညာရှိတစ်ယောက် ဖြစ်ပေမယ့် ပညာရှိသတိဖြစ်ခဲ ဖြစ်သွားတဲ့အခါ မိသားစုကမ္ဘာမှာ ဒုက္ခ ပင်လယ်ဝေကုန်တော့တာပဲ။

အဖြစ်ကတော့ ဆိုးတယ်။

ဖခင်ဖြစ်သူဟာ အိမ်ဖော်ကလေးနဲ့ ငြိစွန်းတယ်။

ပညာတတ် လူချမ်းသာဖြစ်ပေမယ့် ကာမေသုမိစ္ဆာစာရက်ံကို ကျူးလွန်မိလိုက်တဲ့အခါ စိတ်ရှုပ်စရာတွေ၊ စိတ်မချမ်းသာစရာတွေ ဖြစ်ကုန်ပါလေရော။

အိမ်ဖော်မလေးဟာ သူရဲ့သမီးထက် အသက် နှစ်နှစ်သာကြီး ပါတယ်။

အိမ်ဖော်မလေး မပေါ့်မပါး ဖြစ်လာတဲ့အခါမှာ ဇနီးဖြစ်သူ သိသွားတယ်။

အိမ်ဖော်မလေးကလည်း မကြုံတတ်တော့တဲ့အခါ ဖြစ်ကြောင်း ကုန်စင်ကို ပြောပြလိုက်တယ်။

အိမ်ဖော်မလေးကို လျော်ကြေး ထိုက်တန်အောင်ပေးပြီး နှင်ဖို့ကြိုးစားသေးတယ်။

အဲဒီလို စဉ်းစားပြန်တော့ အိမ်ဖော်မလေး မွေးဖွားလာမယ့် ရင်သွေးပြဿနာက ပေါ်လာပြန်တယ်။ တကယ်တော့ ဒီရင်သွေးဟာ သူခင်ပွန်းနဲ့ရတဲ့ ရင်သွေးဖြစ်တော့ နောင်မှာ ပြဿနာ အရှုပ်အရှင်းတွေ ဖြစ်လာမှာပဲလို့ တွေးမိပြန်တယ်။

တောကို ပြန်ပို့ပြန်ရင်လည်း အိမ်ဖော်မလေးရဲ့ မိဘတွေက မကျေနပ်ရင် အရှက်တကွဲ အကျိုးနည်းတွေ ဖြစ်နိုင်တယ်။ ဖြစ်မှာလည်း သေချာပါတယ်။

ကာမေသုမိစ္ဆာစာရကံဟာ ပြုပြီးရင် နောက်ဆက်တွဲတွေ သိပ်ရှုပ်တာပဲ။

အိမ်ဖော်မလေးကို ဘယ်နေရာမှာ ထားရမယ်၊ ဘယ်လို မီးဖွားပေးရမယ်ဆိုတာ စဉ်းစားလို့မရကြဘူး။ မွေးပြန်ရင်လည်း ဘယ်သူ့ကို လင်ကောင်ဖော်ပေးရမလဲ။

မိသားစုထဲမှာ သည်ကိစ္စကို ဇနီးဖြစ်သူတစ်ဦးသာသိပြီး သားနဲ့သမီးက မသိကြဘူး။

အိမ်ဖော်မလေးကို ယူမယ့်လူရှာဖို့ကလည်း မလွယ်လှဘူး။ ငွေသုံးသိန်းပေးပြီး ယူမယ့်လူရှာတယ်။ ယူမယ့်သူကို သုံးသိန်းပေးမယ်ဆိုပြီး သူတို့အိမ်က ဒရိုင်ဘာမိန်းမကို ရှာခိုင်းတယ်။

အိမ်ထဲမှာ ဇာတ်လမ်းက အဲသည်လို ရှုပ်ထွေးနေတော့တယ်။

စိတ်အလိုလိုက်ပြီး ပြစ်မှားမိတဲ့ ပညာတတ်ကြီးလည်း တကယ့်ကြုံလာတဲ့အခါ ဘာမှမတတ်နိုင်အောင် ဖြစ်နေတော့တယ်။

သူဟာ ဝိစကီတွေသောက်ပြီး သည်ကိစ္စကို ဘာလုပ်လို့ ဘာဆုံးဖြတ်ရမှန်း မသိဘူး။

အချိန်ကလည်း တစ်လထက်တစ်လ ပိုပြီးအရေးကြီး လာခဲ့ပြီလေ။

အိမ်ဖော်မလေး အိမ်ကပျောက်မသွားအောင်လည်း ဂရုစိုက်ရတယ်။ အိမ်ဖော်မလေး ကျန်းမာရေးကိုလည်း ဂရုစိုက်ရတယ်။

တဖြည်းဖြည်းနဲ့ လင်မယားနှစ်ယောက်တည်း ဒီကိစ္စသိရာကနေ ဒရိုင်ဘာလင်မယားပါ သိလာတယ်။ ဆရာဝန်တစ်ဦးကလည်း သံသယဖြစ်လာတယ်။ အဲသည်ဆရာဝန်မက သူတို့မိသားစုရဲ့ ဆရာဝန်မဖြစ်တယ်။

ခက်နေတာက ဒရိုင်ဘာရဲ့ မိန်းမရှာပေးတဲ့လူကို ယူဖို့ အိမ်ဖော်မလေးက သဘောမတူဘူး။

အိမ်ဖော်မလေးရဲ့ အသက်ဟာ အိမ်ရှင်သမီးထက် နှစ်နှစ်တည်းပဲ ကြီးပါတယ်။

ဇနီးသည်ဟာ သဘောထားကြီးပါတယ်။ ပြဿနာ အားလုံးပြေလည်သွားအောင် သူက ကွာရှင်းပေးမယ်။ သူ ကွာရှင်းပေးပြီးနောက်မှာ အိမ်ဖော်မလေးကို တရားဝင် လက်ထပ်ယူဖို့ မိန်းမကောင်းပီသစွာ အကြံပေးတယ်။

အဲသည်လို လုပ်ဖို့ဆိုတာ လွယ်မယောင်နဲ့ အတော်ခက်တဲ့ကိစ္စ။ တစ်ကယ်လက်တွေ့ လုပ်ရမယ်ဆိုတော့ ပတ်ဝန်းကျင်တွေ ရှိသေးတယ် မဟုတ်လား။

ဖောက်ပြန်တဲ့ ကာမေသုမိစ္ဆာစာရကံဟာ ပြုစဉ်မှာ လွယ်ခဲ့သလောက် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်က ခက်ခဲလှပါတယ်။

နောက်ဆုံးတော့ နိုင်ငံခြားပြန် ပညာတတ်ကြီးဟာ အိမ်ဖော်မလေးကို တကယ် ယူလိုက်ရတယ်။

မယားငယ် သဘောမျိုးယူပြီး အခြားတစ်နေရာမှာ အိမ်တစ်လုံးဝယ်ပြီးထားတယ်။ သူ့မယားကြီးကို မကွာရှင်းဘူး။

သူတို့ရဲ့ အဲသည်ပြဿနာကို ဖုံးဖုံးဖိဖိလုပ်ပေမယ့် ကြာတော့ သိသူတွေ သိသွားကြတယ်။ ဆွေမျိုးတွေက စသိကြတာ။

နိုင်ငံခြားပြန်ကြီးရဲ့ သားနဲ့သမီးဟာ အဲဒီကိစ္စကို သိပြီးကတည်းက ရှက်လို့ဆိုပြီး အဘိုးအဘွားအိမ် သွားနေကြတယ်။

ဖခင်မရှိတဲ့အချိန်မှာ အိမ်ကိုလာပြီး မိခင်ကို တွေ့ကြတယ်။ သုံးနှစ်ကြာမှ အိမ်ပြန်နေကြပါတယ်။

ယခုအချိန်အထိတော့ နိုင်ငံခြားပြန်ကြီးဟာ ဝီစကီတွေသောက်ပြီး ဟိုအိမ်သည်အိမ် သွားလိုက်ပြန်လိုက်ပါပဲ။

နိုင်ငံခြားပြန် ပညာတတ်ကြီးဟာ ရေမှန်မှန်မချိုးတတ်တဲ့ အိမ်ဖော်မလေးကို ရေချိုးဖို့ မကြာခဏ ဆူပူနေရတယ်လို့ သိရတယ်။

ဘယ်သူမပြု မိမိမှုဆိုတာ အဲဒီမိမိမှုကို သူ့အသက် ဘယ်အရွယ်အထိ ခံစားရမလဲ မသိဘူး။

# ကာမဂုဏ်ဆိုတာ

ကာမဂုဏ်ဆိုတာ မရှောင်နိုင်ပေမယ့် အဲဒီကိစ္စကို ထိန်းချုပ်နိုင်လွန်းမှသာ ဘဝချမ်းသာကို ရနိုင်မယ်။

လွန်ကျူးလို့မဖြစ်ဘူး။

မက်မောလွန်းရင် သုခလို့ထင်ရတဲ့ ဒုက္ခတွေ တစ်သီကြီး ရမှာပဲ။

ခံစားချိန်ကလေးမှသာ ခံစားလိုက်ပြီး ကျန်အချိန်မျိုးမှာသည်ကိစ္စထက် အလေးပေးတဲ့ အပြောအပြု အနေအထိုင်တွေတောင် မလုပ်ပါနဲ့။

သည်ဘက်ကိုမက်မောရင် အခက်ပဲ အဖတ်တင်မယ်။

ကျန်တာ အဖတ်မတင်ဘူး။

ကာမဂုဏ်ကိစ္စ နောက်မှာ တာဝန်တွေ တနင့်တပိုးကြီး ရှိတယ်။

ဗုဒ္ဓရဲ့ကာမဂုဏ်တရားမှာ...

ကာမဂုဏ်ဟာ အမဲရိုးနဲ့တူတယ်။ အမဲသားတစ်နဲ့လည်း တူတယ်။ အိမ်မက်နဲ့လည်း တူတယ်။ သစ်သီးနဲ့လည်း တူတယ်။ ငှားရမ်းသုံးစွဲတဲ့ ပစ္စည်းနဲ့လည်း တူတယ်။ ပြီးတော့ စဉ်းတီတုံးနဲ့ တူတယ်။ နောက်တော့ မြက်မီးရှူးနဲ့ တူပါတယ်တဲ့။ ဒါတင်မကသေးဘူးမြွေဦးခေါင်းနဲ့ လှံနဲ့ရော မီးကျီတွင်းနဲ့ရော တူပါသတဲ့၊ သိပ်ကို အဓိပ္ပာယ်ရှိလှတဲ့ ဥပမာတွေပါ။

တစ်ခုချင်းကို ရှင်းပြရရင်...

ကာမဂုဏ်ဟာ ဘာကြောင့် မြက်မီးရှူးနဲ့ တူသလဲဆိုတော့ မြက်တစ်ဆုပ်ကို မီးရှို့လိုက်တဲ့အခါ တဖြည်းဖြည်းနဲ့ ကိုင်ထားတဲ့လက်ကို တောက်လောင်တာမဟုတ်လား။ အဲဒီလို မီးဒဏ်ကိုခံရသလို ကာမဂုဏ်ကိစ္စရဲ့ နောက်ကွယ်မှာ ပါလာတဲ့ ဒုက္ခတရားရဲ့ ရှေ့ရှုနိုပ်စက်မှု ခံရတာပဲ။

ဘာဖြစ်လို့လဲ ကာမဂုဏ်ဟာ လှံနဲ့တူသလဲ။ လှံဟာ စူးစိုက်ဖောက်ထွင်းနစ်ဝင်ပြီးတော့ ကျင်စေနိုင်တဲ့ သဘောတရား ရှိပါတယ်။ ကာမဂုဏ်ဟာ လှံစူးသလိုပဲ။

မီးကျီတွင်းနဲ့ တူရတာကတော့ အလွန်ပူလောင်လှတဲ့ အနက်သဘောကြောင့်ပါ။

ကာမဂုဏ်ဟာ ငှာရမ်းသုံးစွဲတဲ့ ပစ္စည်းနဲ့ တူရတာကတော့ ကိုယ်မှာ အခိုက်အတန့်သာ သုံးစွဲလိုက်ရပြီး ထာဝရ ကိုယ်ပိုင်မဟုတ်ဘူးလေ၊ ကာမဂုဏ်မှန်သမျှဟာ ယာယီဆန်လှပါတယ်။

အမဲသားတစ်နဲ့ တူကတော့ အမဲသားတစ်ခုကို ကျီးငှက်စွန်ရဲတွေဟာ မြင်တာနဲ့ အငမ်းမရ ဝိုင်းဝန်းလုချင်ကြတယ်။ လုယက်ကြတယ်၊ ကာမဂုဏ်ကို ငမ်းငမ်းတက် ဘေးရန်တွေနဲ့ တိုးဝှေ့လုယက်နေကြတာ မဟုတ်လား။

ဟော ကာမဂုဏ်ဟာ အိမ်မက်လည်း ဖြစ်ပြန်ပါတယ်။

အိမ်မက်ဆိုတာ ဘယ်လိုလဲ၊ အိမ်မက်ဆိုတာ ထင်ယောင်မြင်ယောင်ပဲ၊ တစ်ကယ်တမ်း ကိုယ်တွေ့ပြစရာ ခံစားစရာမရှိ တကယ်လည်း ဆန်းစစ်စရာ ကာမဂုဏ် အထင်ကြီးသလောက် မဟုတ်ပါဘူးဗျာ။

ဒါကြောင့်လည်း ကာမဂုဏ်ဟာ အမဲရိုးပဲ။ သေသေချာချာ တွေးကြည့်မြင်ကြည့်တဲ့အခါ မက်စရာ သာယာစရာ မရှိပါဘူး။

ကာမဂုဏ်ကို စဉ်းတီတုံးဥပမာနဲ့လည်း နှိုင်းယှဉ်ပြီး မြင်နိုင်ပြန်ပါတယ်။

စဉ်းတီးတုံးဆိုတာ အမဲသားငါးတင်ပြီး အစဉ်းခံရတဲ့အခါ အမဲသား၊ ငါးအရသာကို ခံစားရမယောင်နဲ့ ခံစားရတာ မရှိဘဲ အမဲသား ငါးကိုလှီးတဲ့ ဓားဒဏ်ကိုခံရတယ်။ တစ်ချက်ပြီးတစ်ချက် မရှုမလှဘဲ၊ သွေးသံရဲရဲလည်း ပေကျံရပြန်တယ်။ ကာမဂုဏ်ဆိုတာ ဟုတ်မလိုလိုနဲ့ ကာမဂုဏ်နဲ့ တွဲလာတဲ့ ကပ်လာတဲ့ဒုက္ခအဖုံဖုံ အမျိုးမျိုးဒဏ်ကို ခံစားရတာပဲ မဟုတ်လား။

ကာမဂုဏ်ဟာ သစ်သီးသဘောလည်း ရှိပါတယ်။ သစ်သီးကို လိုချင်ရင် ခူးရမယ်၊ ချရမယ်၊ အဲဒီမှာ သစ်ပင်က အတိုင်းအခက် အလက်အရွက်တွေကို ခုတ်ဖွဲ့ရတာပဲ၊ အသီးလိုချင်တဲ့အတွက် အခြားအစိတ်အပိုင်းတွေ ပျက်စီးတယ်။ ကာမဂုဏ်စိတ် သိပ်ပြင်းထန်နေရင် စိတ်ထားများရင် အကြံအစည်တွေရော ကိုယ်ကျင့်သိက္ခာတွေတောင် ပျက်လာတတ်လို့ သစ်သီးနဲ့ တူတာပါ။

ကာမဂုဏ်ဆိုတာ ဘဝချမ်းသာကို ဖျက်တဲ့အရာ။ သည်တော့ မရှောင်နိုင်ရင် ခံစားပါ။ ဒါပေမယ့် လွန်တော့ မလွန်အောင် အမြဲသတိထား ထိန်းချုပ်ရမယ်ပေ့ါ။

# ကာမေသုကံရဲ့ အပြစ်ဒဏ် (၁၄)ချက်

သူများခင်ပွန်းသည်လင်ကို ပြစ်မှားကျူးလွန်ရင် သည်မိန်းမဟာ အပြစ်ဒဏ် (၁၄) ချက်ကို ခံရမှာ မလွဲဘူး။ မယားငယ်ဘဝဟာ သိပ်ဆိုးတယ်။ ဘယ်လိုပဲ ဝတ်ရဝတ်ရ၊ ဘယ်လိုပဲ ကောင်းကောင်းစားရ နာမည်ကမလှဘူး။ ခေါ်တာက" **လင်ခိုးမ**" တဲ့။

ခေတ်စကားပဲ။

သူများခင်ပွန်းလင်ကို ယူခြင်းဟာ မယားကြီးကိုသာမက ကလေးတွေကိုပါ ဒုက္ခပေးတာနဲ့ တူပါတယ်။ ဒါတင်မကဘဲ ကိုယ့်မိဘဆွေမျိုး မောင်ဘွားအစ်ကိုတွေပါ သိက္ခာကျ အရှက်ရတယ်။

မိန်မကောင်းတွေက သတ္တိရှိစွာနဲ့ လင်အသစ်စက်စက်ကို ယူကြပါတယ်။ သူများလင်ကို မခိုးကြဘူး။ ကိုယ်ကပဲ ပြန်ရှာကျွေးရကျွေးရ၊ ရဲရဲရင့်ရင့် ယူကြတာပဲ၊ ယူပြီးလည်း နောင်တ မရနေဘူး။ အဲဒါ မိန်မကောင်းအင်္ဂါပါပဲ။

မိန်မကောင်း ပန်းပန်တစ်ပွင့်ပန်း ဆိုသလို မကောင်းလို့ကွဲတော့ နောက်အိမ်ထောင် မထူကြတာ တွေ့ရတယ်။

"မိန်းမကောင်းတစ်ယောက် ဖြစ်ဖို့ဟာ ယောက်ျားကောင်းတစ်ယောက် ဖြစ်ဖို့ထက် ပိုခဲယဉ်းတယ်" လို့ အင်ဒိုနီးရှား ဆရာဝန်မကြီးတစ်ဦးက ဆိုခဲ့ပါတယ်။

သူများခင်ပွန်းသည် လင်ကို ခိုးယူ ပေါင်းသင်းကြတာဟာ လောကမှာ အရုပ်ဆိုး အကျည်းတန်လှပါတယ်။

ပတ်ဝန်းကျင်ဟာ အဲသည်ကိစ္စမျိုးကို ရှုပ်ချရုံသာမက လုံးဝ လက်မခံချင်ကြဘူး။ မတတ်သာလို့ လက်ခံရလည်း မနှစ်မြို့ကြဘူး။

ယူသူတွေမှာလည်း အပြစ်မလွတ်ပါဘူး။ မလွတ်တဲ့ အပြစ် (၁၄) ချက်ကတော့...

***၁။ ရန်သူနဲ့တွေ့ရတာ***

***၂။ သူများမုန်းတီးတာ***

***၃။ စား၊ ဝတ်၊ အိပ်ရာခက်ခဲတာ***

***၄။ အများဒေါသကြီးတာ***

***၅။ သူတစ်ပါး ယုံကြည်မှုကင်းမဲ့တာ***

***၆။ လောကဝတ္တရာတရား မရှိနိုင်တာ***

*၇။ စည်းစိမ်ဥစ္စာ ပျက်စီးတာ*

*၈။ ဆင်းရဲကြီးစွာ တွေ့ရတာ*

*၉။ အသက်တိုတာ*

*၁၀။ ချစ်သူနဲ့ ကွေကွင်းရတာ*

*၁၁။ တွေဝေတတ်တာ*

*၁၂။ ယုံမှားသံသယများတာ*

*၁၃။ ဘေးအန္တရာယ်များတာ*

*၁၄။ အပါယ်လေးဘုံမှာ ဖြစ်ရတာ* ပါပဲ။

*(ယောက်ျားဆိုရင်တော့ သူများဇနီးကို ခိုးယူရင် မိန်မပဏ္ဍုတ် ဖြစ်တာတစ်ခုပါတယ်။)*

## ပထမပါရာဇိကသိက္ခာပုဒ်

ပထမပါရာဇိကသိက္ခာပုဒ်ကို အရှင်သုဒိန္နကြောင့် ပညတ်ရတာဖြစ်တယ်။

အဖြစ်အပျက်ကတော့ သည်လိုပါ။

အရှင်သုဒိန္နဟာ တောသူဌေးသား။ ဝေသာလီမြို့ရဲ့ဆင်ခြေဖုံးရပ်ဖြစ်တဲ့ ကလန္ဒရွာသား။

သူ့မှာမယားရှိတယ်။ ချမ်းသာတဲ့ မိဘတွေနဲ့အတူ ရွာမှာနေကြတယ်။

အရှင်သုဒိန္နမဖြစ်ခင်က သူ့အမည်ဟာ မောင်သုဒိန်လို့ ခေါ်ပါတယ်။ တစ်နေ့မှာ မောင်သုဒိန်ဟာ အဖော်ကောင်းတွေနဲ့ ကျောင်းကိုပါသွားတယ်။

အဲဒီအချိန်က ဘုရားရှင်ဟာ ဝေသာလီပြည်ရှိ ကူဋာခါရကျောင်းမှာ သီတင်းသုံးနေတယ်။ ဘုရားရှင်ရဲ့ တရားတော်ကို နာကြားရပြီး ရဟန်းဖြစ်လိုတဲ့ဆန္ဒ ဖြစ်လာခဲ့ပါတယ်။ တရားနာအပြီးမှာ ဘုရားသခင်ထံ ရဟန်းပြုပေးဖို့ တောင်းပန်ပါတယ်။

ဗုဒ္ဓမြတ်စွာက မိဘခွင့်ပြုမှသာ ရဟန်းပြုပေးနိုင်ကြောင်း မိန့်တော်မူလိုက်တယ်။

မောင်သုဒိန်ဟာ ကျောင်းကပြန်ပြီး မိဘတွေကို ရဟန်းပြုခွင့်ပေးဖို့ တောင်းပါတယ်။

မိဘတွေက ချစ်လှတဲ့ တစ်ဦးတည်းသောသားမို့ ခွင့်မပြုကြဘူး။ ပြီးတော့ အိမ်ထောင်ဘက် မယားကလည်း ရှိတယ် မဟုတ်လား။

မောင်သုဒိန်ဟာ အကြိမ်ကြိမ် ခွင့်တောင်းတယ်။ မရဘူး။ မရတဲ့အဆုံးမှာ သူဟာ အစာငတ်ခံပါတော့တယ်။

ထမင်း (၇) နပ်ထိ မစားဘူး။ မြေကြီးပေါ်ကလည်းမထဘူး။ အဲသည်လို ဆန္ဒပြင်းဟာ (၄) ရက်မြောက်နေ့မှာ သူ့ရဲ့ဆန္ဒ အောင်မြင်သွားပါတယ်။

မောင်သုဒိန်ဟာ အရှင်သုဒိန္န ဖြစ်ခဲ့ရတယ်။

သူ့ရဲ့ ရဟန်းဘဝဟာ အသက်နဲ့တောင် ရင်းနီးပြီးရယူခဲ့တဲ့ဘဝဖြစ်တယ်။

ရဟန်းဘဝကိုရတဲ့အခါ ဘုရားသခင်ထံမှာ ကမ္မဋ္ဌာန်းတောင်းခံပြီး တောရဆောက်တည် တရားအားထုတ်နေတော့တယ်။

မကြာခင်မှာပဲ မိဘတွေရဲ့ အနှောင့်အယှက်ပေးတာကိုသူ ခံရတယ်။ တရားကို ဖြောင့်ဖြောင့် အားမထုတ်ရဘူး။ မိဘတွေက သားကို လူထွက်စေချင်တယ်။ လူထွက်အောင် ကြိုးစားကြတယ်။

ဘယ်လိုမှမရတဲ့အခါ ချွေးမနဲ့လှည့်ပြီး တစ်မျိုးကြိုးစားကြပြန်တယ်။

ချွေးမကိုအလှဆုံးပြင်ပြီး ကျောင်းကိုလွှတ်တယ်။ မိန်းမတို့မာယာနဲ့ မြူဆွယ်ခိုင်းတယ်။ ဖြားယောင်းသိမ်းသွင်းတယ်။ ဒါပေမယ့် အဲဒီနည်းလည်းပဲ ရသလားဆိုတော့ မရပါဘူး။

အရှင်သုဒိန္နရဲ့ တည်ကြည်မှုကို ပြိုလဲအောင်မလုပ်နိုင်ခဲ့ပါဘူး။

နောက်တစ်မျိုးတစ်ဖုံထပ်ပြီး ကြံကြပြန်တယ်။

သည်တစ်ခါတော့ ပစ္စည်းရေးကို အကြောင်းပြလာတယ်။ သားရဟန်းကို ပစ္စည်းရေးပြပြီး အသနားခံခဲ့တယ်။

မိဘတွေရဲ့ ပစ္စည်းတွေဟာ မိဘတွေ ကွယ်လွန်တဲ့အခါ သားကလည်း ရဟန်းဘဝက မထွက်ရင် ရှိသမျှပစ္စည်းတွေ မင်းဘဏ္ဍာ ဖြစ်ကုန်လိမ့်မယ်။ အဲဒါကြောင့် လူထွက်ပါလို့ တင်ပြလာပြန်တယ်။

အရှင်သုဒိန္နက လက်မခံဘူး။

သည်နည်းကို လက်မခံပြန်တော့ နောက်တစ်နည်း တစ်ဆင့်တက် ပြန်ပါတယ်။ တောင်းပန်အသနားခံမှု တစ်မျိုး တင်ပြလာပြန်ပါတယ်။

မိဘနှစ်ပါးရဲ့ မျိုးရိုးကို စောင့်သိတဲ့အနေနဲ့ သားမျိုးစေ့ ကလေးမွေးပေးခဲ့ဖို့ လျှောက်တယ်။ အမွေဆက်ခံဖို့ သားမျိုးစေ့ ပေးပြီးတဲ့အခါ ရဟန်းဘဝမှာ ဆက်ပြီး ပျော်သလိုနေပါလို့ လျှောက်ပြန်တယ်။

ဖွတ်တွေ၊ အဓမ္မတွေ ခဏခဏလာပြီး လျှောက်ထားနေလေတော့ အရှင်သုဒိန္နဟာ တစ်မျိုး စိတ်ပြောင်းသွားခဲ့ပါတယ်။ သူ့မှာ လူမထွက်ရရင်ပြီးရော မဟုတ်လား၊ အဲဒါကို လက်ခံလိုက်ရင် ပြဿနာ အေးသွားမယ်လို့ ဆုံးဖြတ်ပါတယ်။

ဆုံးဖြတ်ချက်ချအပြီးမှာ အရှင်သုဒိန္နဟာ မယားကို မဟာဝုန်တောကို ခေါ်သွားပြီး သုံးကြိမ်တိုင်တိုင် သားမယားအဖြစ် မေထုန်စပ်ယှက်တော့တယ်။

အဲသည်လို မယားဟောင်းကို ပေါင်းစပ်ယှက်အပြီးမှာ အရှင်သုဒိန္နဟာ စိတ်မကောင်းတော့ဘူး။

ရဟန်းဘဝကို ရပေမယ့် ရကျိုးမနပ်ဘူးလို့ သူ့စိတ်မှာ ခံစားနေမိတော့တယ်။

မမြတ်တဲ့အကျင့်မှာ အငြိအစွန်းဖြစ်မိပြီဆိုပြီး ယူကြုံးမရဖြစ်နေတယ်။

ပူပန်တဲ့နှလုံး၊ ယူကြုံးမရတဲ့စိတ်ကို တစ်နေ့ပြီးတစ်နေ့ ကုန်လာတဲ့အခါ စိတ်ထောင်းပြီး ကိုယ်ကြေလာတော့တာပါပဲ။

ကျုံလှီပိန်းချုံးပြီး လှုရုပ်မပေါ်ဘူး။ အစားအသောက်လည်းမမှန်ဘူး။ စိတ်မကောင်းတော့ လှုပါနေမကောင်းသလို ဖြစ်နေတော့တယ်။

သူရဲ့အပြစ်ကို အတူနေ အဖော်ရဟန်းတွေက မေးလာကြတယ်။ အဖော်ရဟန်းတွေရဲ့ အမေးကို အရှင်သုဒိန္နက လိမ်ညာမဖြေခဲ့ဘူး။ အမှန်အတိုင်းပဲ ဖြေခဲ့ပါတယ်။ ဟုတ်တိုင်းမှန်ရာ ပွင့်လင်းစွာဖြေတယ်။

အဖော်ရဟန်းတွေ အားလုံး သူ့အဖြေကို အံ့သြသွားခဲ့ကြတယ်။ အံ့သြမှုနဲ့အတူ ကဲ့ရဲ့မှုတွေလည်း ပြုကြကုန်ပြန်တယ်။ အဖော်ရဟန်းတွေဟာ သည်ကိစ္စကို ဘုရားသခင်ထံ လျှောက်ထားကြတယ်။

ဗုဒ္ဓမြတ်စွာကလည်း သိသိခြင်းပဲ အရေးပေါ် စစ်မေးမှု ပြုရတော့တာပေါ့။

အရှင်သုဒိန္နက မယားဟောင်းနှင့် ပေါင်းဖော်စပ်ယှက်ပြုမိတာကို ဖြောင့်ဆိုဝန်ခံတဲ့အခါ မြတ်စွာဘုရားက မိန့်တော်မူတယ်။

မေဃပုရိသ၊ အချည်းအနှီးသောယောကျာ်း၊ သင့်အပြုအမူကား ရဟန်းတို့အား မလျှောက်ပတ်၊ ရဟန်းတို့နှင့် မလျော် ရဟန်းတို့အား မသင့်တင့် ရဟန်းတို့ဥစ္စာမဟုတ်၊ ရဟန်းတို့အားမအပ်စပ် ရဟန်းတို့ မပြုထိုက်ပါ။

အဆိပ်ပြင်းထန်သော မြွေပွေး၊ မြွေဟောက်ရဲ့ခံတွင်းကို သင့်အင်္ဂါဇာတ်ကို သွင်းခြင်းက မြတ်သေးတယ်။ ဤသို့သွတ်သွင်းလိုက်ခြင်းအားဖြင့် မြွေကိုက်၍ သေသော်လည်း သေအံ့၊ မသေသော်လည်း ပြင်းပြစွာ ခံရရုံသာရှိအံ့။ အပါယ်သို့ကား မလားနိုင်၊ မာတုဂါမ၏ ဇာတ်တွင်းသို့ သင့်အင်္ဂါဇာတ်ကို သွင်းခြင်းကား မမြတ်။ ဤသို့သွင်းခြင်းအားဖြင့် အပါယ်သို့ လားလေရာတယ်။ သင့်ရဲ့ အပြုအမူကား အကြည်ညိုသေးသော ကြည်ညိုစေခြင်းငှာ ကြည်ညိုပြီး သူတို့အစားထိုး၍ ကြည်ညိုစေခြင်းငှာ မဖြစ်ခဲ့။ စင်စစ်အားဖြင့်ကား မကြည်ညိုသူတို့အားပို၍ မကြည်ညိုအောင်၊ ကြည်ညိုပြီးသော အချို့သူတို့အား စေတနာ သဒ္ဒါတရားပါးရှား ပျက်စီးကုန်အောင် ဖြစ်ချေသည် တကားလို့ ကဲ့ရဲ့ဆို မိန့်တော်မူတယ်။

အဲသည်အကြောင်းကို အကြောင်းပြုပြီး ပထမပါရာဇိကသိက္ခာပုဒ် ပညတ်ချက်ဟာ ပေါ်လာခဲ့တာပါပဲ။

ပထမပါရာဇိက သိက္ခာပုဒ်ကတော့...

*၁။ အကြင်ရဟန်းသည် မေထုန်မှီဝဲခြင်းအမှုကို ပြုငြားအံ့၊ ထိုရဟန်းသည် သာသနာမှ ရှုံးခြင်းသို့ရောက်၏။ ပါရာဇိကကျ၏။ ရဟန်ကောင်းတို့နှင့် အတူတကွ သင်းဆက်ဆံ၍ ကံကြီးကံငယ် ဆောင်ခွင့်မရှိတော့ပြီ။*

သာသနာမှ ရှုံးခြင်းသို့ရောက်တယ်ဆိုတာ ပါရာဇိကကျတယ်လို့ခေါ်တယ်။ ယင်းပါရာဇိက အမိပ္ပာယ်ကို ဤဥပမာဖြင့် ပါရာဇိကကဏ်ပါဠိတော် (၃၄) မှာ ရှင်းပြထားတယ်။

ခေါင်းပြတ်ပြီးသောသူသည် ထိုခေါင်းပြတ်နှင့်ကိုယ်ကို ဆက်စပ်ငြားသော်လည်း အသက်တစ်ဖန်ပြန်၍ ရှင်မလာနိုင်၊ ထို့အတူပင် ရဟန်းသည် မေထုန်မှု ပြုကျင့်ခဲ့သော ရဟန်း မဟုတ်တော့ပြီ။ သာကီနွယ်ဘွား ဘုရားသားတော် မဟုတ်တော့ပြီ။

# ပထမပါရာဇိက သိက္ခာပုဒ်ကို ထပ်ဆင့်ပညတ်ခြင်း

အကြောင်းအမျိုးမျိုး ပေါ်လာပြန်တဲ့အတွက် ပထမပါရာဇိက သိက္ခာပုဒ်ကို ထပ်ဆင့်ပညတ်ရပြန်တယ်။ လူမိန်းမ၌သာ မေထုန်မှီဝဲခြင်းအမှုကို မပြုအပ်ဟု ဗုဒ္ဓမြတ်စွာက ပညတ်တော်မူတယ်။ တိရစ္ဆာန်မနှင့် ပညတ်ချက်မရှိဆိုတဲ့ အကြောင်းပြချက်နဲ့ မျောက်မနဲ့ မေထုန်မှီဝဲတဲ့ ရဟန်းတစ်ပါး ပေါ်လာတယ်။

နောက်ပြီးတော့ ဝဇ္ဇီတိုင်းသားရဟန်းတွေဟာ သိက္ခာမချဘဲ လူထွက်ပြီး မေထုန်မှီဝဲကြပြီးမှ အကြောင်းကြောင်းတွေနဲ့ သာသနာဘောင်ပြန်ပြီး ရဟန်းပြုလိုတဲ့ကိစ္စ ဖြစ်လာခဲ့တယ်။

လူမထွက်ပေမယ့် ရဟန်းသိက္ခာပုဒ်ကို စွန့်ပယ်ခြင်းမပြုဘဲ(ဝါ) သိက္ခာမချဘဲ မေထုန်မှီဝဲကြပြီးမှ တဖန်ရဟန်းဘောင်ကို ပြန်ဝင်လိုက်တယ်ရာမှာ သိက္ခာမချဘဲ မေထုန်မှီဝဲတာကြောင့် အဲသည်ရဟန်းဟာ ပါရာဇိက ကျမကျ။ ရဟန်းပြုခွင့်ရှိမရှိဆိုတာ ပြဿနာ ဖြစ်လာခဲ့တယ်။

အဲသည်ပြဿနာကို အရှင်အာနန္ဒာကတစ်ဆင့် ဘုရားသခင်ကို လျှောက်တင်ပါတယ်။

မြတ်စွာဘုရားက ဆုံးဖြတ်တယ်။

ထိုရဟန်းတွေဟာ ပါရာဇိကကျပြီ ဖြစ်တယ်။ သာသာနာ၌ လက်မခံအပ်၊ ရဟန်းပြုခွင့် မရှိလို့ မိန့်တော်မူတယ်။

အောက်ပါအနုပညတ်(ထပ်ဆင့်သိက္ခာပုဒ်) ကို ပညတ်တော်မူပြန်တယ်။

***၁။ (က)အကြင်ရဟန်းဟာ ရဟန်းတို့ စောင့်ထိန်းအပ်တဲ့ အဓိသီလ သိက္ခာပုဒ်တော်ကို စောင့်ထိန်းသူဖြစ်လျက်၊ ထိုသိက္ခာကို ဆန့်ကျင်သည်ဆိုမြွက်၍ မစွန့်လွှတ်ဘဲ ဖြည့်ကျင့်လိုစိတ်မရှိ။ အားနည်းကြောင်းကို ထင်ထင်ရှားရှား မပြုလေဘဲ မေထုန်အကျင့်ကို ကျင့်လေငြားအံ့၊ ယုတ်စွာအဆုံး တိရစ္ဆာန်မ၌သော်လည်း မေထုန်မှီဝဲခြင်း ပြုလေငြားအံ့၊ ထိုရဟန်းသည် သာသနာမှ ရှုံးခြင်းသို့ရောက်၏။ ပါရာဇိကကျ၏။ ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းသင်းဆက်ဆံခွင့် မရှိပြီ။***

အဲသည် အနုပညတ်(ထပ်ဆင့်သိက္ခာပုဒ်)ကို ပညတ်တော်မူရတယ်။

တိရစ္ဆာန်မ၌ပင် ဖြစ်စေဦးတော့ မေထုန်မှီဝဲခြင်း မပြုအပ်။ လူထွက်စေကာမူ သိက္ခာချပြီးမှ လူထွက်ရတယ်။

သိက္ခာမချဘဲ လူထွက်၍ မေထုန်အမှုပြုခဲ့သော် ပါရာဇိကကျတယ်။ သာသနာဘောင်ကို တဖန်ပြန်လာနိုင်ခွင့်မရှိလို့ ပညတ်တော်မူလိုက်ခြင်းဖြစ်တယ်။

ဒါပေမယ့် ပညတ်အပ်ပြီးတဲ့ သိက္ခာပုဒ်တွေကိုစောင့်သိရှိသေစွာ လိုက်နာကြပေမယ့် ဥပေဒကို လက်တစ်လုံးခြား လိမ်ညာတဲ့သဘောမျိုးတွေ၊ သိက္ခာပုဒ်ကို လက်တစ်လုံးခြားပြုမူမှုတွေ ပေါ်ပေါက်လာပြန်တယ်။

အချို့က သက်ရှိကိုသာ ပညတ်တယ် သက်မဲ့မပညတ်။

သူသေကို မေထုန်ပြုသူက ပြုတယ်။

အချို့က ပဿာဝမဂ်(ကျင်ငယ်သွားရာလမ်းကြောင်း)ကိုသာ ပညတ်တယ်။

မစ္စမဂ် (ကျင်ကြီးသွားရာလမ်း)နှင့် မုခမဂ် (ခံတွင်းပါးစပ်)ကို မပညတ်ဆိုပြီး ကျန်မဂ်နှစ်ပေါက်ကို မေထုန်ပြုကျင့်သူက ကျင့်။

နောက်ပြီးတော့ နံပုံးတွေ၊ ပဏ္ဍုတ်တွေ၊ ဥဘတောဗျည်းတွေကို သိက္ခာပုဒ်ပညတ်ရာ၌မပါ။

အဲဒီလူတွေကို မေထုန်မှီဝဲသူက မှီဝဲတယ်။

အဲသည်လို မေထုန်မှီဝဲမှုတွေရှိလာတော့ ထပ်ဆင့်ပြီး ပါရာဇိက သိက္ခာပုဒ်တွေ ထုတ်ခဲ့ရတယ်။

အချုပ်အားဖြင့် ပါဠိတော်၌လာတဲ့ စကားရပ်များအရကို ခြုံငုံလျက် မေထုန်ဝတ္ထုတွေ တင်ပြရရင်...

*လူမျိုး*

*နတ်မျိုး*

*တိရစ္ဆာန်မျိုး*

*ပြိတ္တာမျိုး*

*ဘီလူးမျိုးစတဲ့ မေထုန်မှု မြောက်ထိုက်သော ဝတ္ထုငါးမျိုး*

*ယောကျ်ား*

*မိန်းမ*

*ပဏ္ဍုတ်*

*ဥဘတောဗျည်းနှစ်မျိုး (ကတ္တိုဥဘတောဗျည်း)နှင့် (မိန်းမ ဥဘတောဗျည်း)*

*ပြီးတော့ ကျင်ကြီးကြောင်း*

*ကျင်ငယ်ကြောင်း*

***ခံတွင်းပေါက်စတဲ့ မင်္ဂလာသုံးပါး။***

မင်္ဂလာပေါင်းတို့တွင် တစ်ခုခုသောမင်္ဂလာ၌ မိမိပယောဂနှင့်သော်လည်းကောင်း၊ သူတစ်ပါး ပယောဂနှင့်သော်လည်းကောင်း စိုစွတ်ရာ အရပ်အတွင်းသို့ နှမ်းတစ်စေ့ခန့်မျှ မိမိအင်္ဂါနိမိတ် အင်္ဂါဇာတ် ရောက်သည် ထိသည်ကို သာယာသောစိတ် ဖြစ်ပြားအံ့။ ပါရာဇိကကျတယ်။ သာယာဆဲခဏ၌ ရဟန်းဘဝမှ ရွေ့လျောတယ်၊ နောက်လည်း ရဟန်းတဖန် မပြုထိုက်။

# ကာယကံသဂ္ဂသိက္ခာပုဒ်

ကာယကံသဂ္ဂသိက္ခာပုဒ်ဟာ အရှင်ဥဒါယိနဲ့ ပတ်သတ်လို့ ပညတ်ရတဲ့ သိက္ခာပုဒ် ဖြစ်ပါတယ်။

အရှင်ဥဒါယိရဲ့ ကျောင်းကတော့ ကျောင်းတစ်ကျောင်း ဖြစ်တယ်။ တောကျောင်းနဲ့ မတူဘူး။ ဆန်းပြားတယ်။ သူ့ကျောင်းဟာ ဇေတဝန်ကျောင်းတော်ကြီးရဲ့ အနီးအနားမှာပဲ ရှိတယ်။

အရှင်ဥဒါယိရဲ့ ကျောင်းဟာ စံပြကျောင်းဖြစ်တယ်။ အလှအပ အဆန်းတကြယ်တွေနဲ့ မွမ်းမံထားတယ်။

ကျောင်းရဲ့ အလယ်ဗဟိုချက်မမှာ လေးထောင့်စပ်စပ် တိုက်ခန်းမကြီးဖွဲ့ပြီး ပတ်ဝန်းကျင်မှာ စက်ဝိုင်းသဏ္ဍာန်လှည့်သွားနိုင်ဖို့ ခြူးပန်းခြူးနွယ် အသွယ်သွယ်တွေနဲ့ အဆန်းတကြယ်ပါပဲ။ ပြီးတော့ တံခါးပေါက်တွေကလည်း များတယ်။

အချို့တံခါးကိုဖွင့်ရင် မှောင်တယ်။

အချို့တံခါးကိုဖွင့်ရင် လင်းတယ်။

အဲဒီလို ထူးဆန်းတာကြောင့် လာကြည့်တဲ့ ပရိသတ်တွေများတယ်။ အရှင်ဥပါယိ ကျောင်းကိုလာတဲ့ ပရိသတ်တွေ နေ့စဉ်လို ရှိတယ်။

တစ်နေ့တော့ ကျောင်းကြည့်ဖို့ ပုဏ္ဏားလင်မယားနှစ်ယောက် ရောက်လာကြတယ်။

အရှင်ဥပါယိက သူကိုယ်တိုင် တံခါးတွေဖွင့်ပြီး လိုက်ပြပါတယ်။ သူက ရှေ့ကသွားပြီး လင်မယားနှစ်ယောက်က နောက်ကနေလိုက်တယ်။

တံခါးတွေ ဖွင့်ပြတဲ့အခါ ပိတ်ပြတဲ့အခန်းမှာ မှောင်ချည်းလင်းချည် ဖြစ်နေတယ်။

ပုဏ္ဏားရဲ့ ဇနီးက အတော်ပဲ ချောမောလှပတယ်။ ကိုယ်ခန္ဓာ ပြည့်ဖြိုးတောင့်တင်းတယ်။

အရှင်ဥပါယိဟာ ဖွင့်ရင်မှောင်သွားတဲ့တံခါးကို ဖွင့်လိုက်တော့ တစ်ခန်းလုံး မှောင်သွားရော။

လင်မယားနှစ်ယောက်ဟာ အမှောင်ထဲမှာ စမ်းတဝါးဝါးဖြစ်ပြီး လင်မယား တခြားစီဖြစ်သွားရော။

အရှင်ဥပါယိကတော့ အကျင့်ရပြီးသားမို့ စမ်းတဝါးဝါး မဖြစ်ဘူး။ ပြုလုပ်နေကျမို့ သိနေတယ်။

မောင်ထဲမှာ ပုဏ္ဏားမကို အရှင်ဥပါယိက ဆွဲလားကိုင်လား လုပ်တယ်။ ပွေ့ဖက်တယ်။ ထိတွေ့တယ်။

ပုဏ္ဏားမဟာ မအော်ရဲဘူး။ အော်ရင် အရှင်ဥပါယိက တစ်ခုခုလုပ်မှာကြောက်တယ်။

ကျောင်းတော်ကအပြန်မှာ ပုဏ္ဏားကြီးဟာ သည်အဖြစ်ကို ရုတ်တရက် မသိသေးဘူး။

အရှင်ဥပါယိကျောင်းကို သူက ချီးကျူးတယ်။ အရှင် ဥပါယိကိုလည်း ချီးမွမ်းပြောဆိုလာတယ်။

အဲဒီလိုပြောနေစဉ်မှာ ပုဏ္ဏားမက ကျောင်းမှာ ဖြစ်ပျက်တာတွေ ပြောပြတယ်။ မောင်ထဲမှာ ဘယ်သို့ ဘယ်ပုံ ဖြစ်တယ်ဆိုတာကို တိုင်တော့တယ်။

ပုဏ္ဏားကြီး ကဲ့ရဲ့သံကို လူတွေကြား။

လူတွေ ကဲ့ရဲ့သံကို ရဟန်းတွေကြား။

လူသတင်း လူချင်းဆောင်ရာကနေ ရဟန်းတော်တွေပါ ကြားရတော့တယ်။

တစ်ဆင့်စကား တစ်ဆင့်နားကနေ မြတ်စွာဘုရားသခင်ရဲ့ နားတော်ကိုပါ ရောက်ရှိသွားတော့တယ်။

အရှင်ဥပါယိက အမှန်ကို ဝန်ခံထွက်ဆိုတယ်။

အဲဒီအဖြစ်အပျက် နောက်မှာ မြတ်စွာဘုရား ကာယကံသဂ္ဂ သိက္ခာပုဒ်ကို ပညတ်တော်မူရတယ်။

အကြင်ရဟန်းသည် ရာဂဘီလူးပူး၍ စိတ်ဖောက်ပြားလာပြီးလျှင် မာတုဂါမနှင့်အတူ ကိုယ်လက်နီးနှောအံ့။ လက်ကိုဆွဲအံ့။ ဆံပင်ဆံထိုးကို ကိုင်အံ့။ အင်္ဂါကြီးငယ်တစ်ခုခုကို ကိုင်တွယ်သုံးသပ်ခြင်းပြုအံ့။ ထိုရဟန်းအား (ကာယသံသဂ္ဂ) သံဃာဒိသိသ်အာပတ်သင့်တယ်။

ဤသိက္ခာပုဒ်၌

*၁။ လူမိန်းမဖြစ်မှု*

*၂။ လူမိန်းမမှန်သိမှု*

*၃။ သာယာလိုသော ရာဂစိတ်ရှိမှု*

*၄။ ထိမိကိုင်မိအောင် အားထုတ်မှု*

*၅။ အားထုတ်သည့်အတိုင်း ထိမိကိုင်မိမှု*

အဲဒီအင်္ဂါငါးပါးနဲ့ညီလို့ရှိလျှင် သံဃာဒိသိတ်အာပတ်သင့်တယ်လို့ ဆိုပါတယ်။

အရှင်ဥပါလိနဲ့ ပတ်သက်လို့ အစပြုပြီး မာတုဂါမအား ထိတွေ့ကိုင်တွယ်ခြင်း မပြုအပ်လို့ ပညတ်တော်မူခဲ့ရတယ်။

# ရသေ့ကြီးစျာန်လျှော

ဗုဒ္ဓမြတ်စွာရဲ့ သုတ္တန်ဖြစ်တဲ့ မုဒုလက္ခဏဇာတ်တော်မှာ ရသေ့ကြီး စျာန်လျှောတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ရှိတယ်။

ရှေးသရောအခါ စျာန်အဘိညာဉ် သမာပတ်နှင့် ပြည့်စုံတဲ့ ရသေ့တစ်ပါး ရှိတယ်။ အဲဒီရသေ့ကြီးကို ဗာရာဏသီမင်းက ကိုးကွယ်တယ်။ မင်းကိုးကွယ်တဲ့ သူတော်စင်ကြီးဘဝနဲ့ မင်းနေပြည်တော် ဥယျာဉ်ထဲမှာ ကျောင်းဆောက်နေတယ်။ နန်းတော်ကို ဆွမ်းခံဝင်တယ်။

တစ်နေ့တော့ ကောင်းကင်ခရီးနဲ့ ရသေ့ကြီး ဆွမ်းခံဝင်လာတယ်။ စျာန်နဲ့ ဆွမ်းခံဖို့ကြွလာတယ်။

သူတော်စင် ရသေ့ကြီးဟာ တစ်နေရာကို ကြည့်မိတယ်။

သူကြည့်မိတဲ့ နေရာမှာ မုဒုလက္ခဏ အမည်ရှိ မိဖုရားကြီးရှိနေတယ်။ မိဖုရားက ဖရိုဖရဲ အနေအထားမှာ ရှိနေတော့တယ်။

သူတော်စင် ရသေ့ကြီးဟာ ဖရိုဖရဲဖြစ်နေတဲ့ မုဒုလက္ခဏ မိဖုရားကြီးကို ကြည့်ပြီး စျာန်သမာပတ်တွေ လျှော့ကျသွားပါတယ်။

အကြည့်ကလေး တစ်ချက်နဲ့ သူတော်စင်ကြီးစိတ်တွေ ဘယ်လိုဖောက်ပြန်သွားတယ် မသိပါဘူး။ ချက်ချင်းကို သူ့ရဲ့ စျာန်သမာပတ်တွေ လျှောကျသွားတယ်။

ရသေ့ကြီးဟာ ကျောင်းကိုပြန်ပြီး စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်နေတော့တယ်။

အဲဒီအဖြစ်ကို ဗာရာဏသီမင်းကြီး သိသွားတော့ ရသေ့ကြီး စိတ်သက်သာအောင် မိဖုရားကြီးကို ပေးလိုက်တော့တယ်။ မိဖုရားကြီးလည်း ဘုရင့်အမိန့်ကြောင့် ရသေ့ကြီးနောက် လိုက်ရတာပေါ့။

မိဖုရားကြီးဟာ ရသေ့ကြီးနဲ့နေဖို့ နေရာအတွက် ရသေ့ကြီးကို နန်းတော်လွှတ်ပြီး ဘုရင်ကြီးထံ တောင်းခိုင်းတယ်။

ရသေ့ကြီးဟာ ရှက်ရှက်နဲ့ပဲ နန်းတော်ဝင်ပြီး နေဖို့နေရာ တောင်းရပြန်တာပေါ့။

ရသေ့ကြီး တောင်းတာကို ဗာရာဏသီဘုရင်ကြီးက ပေးပါတယ်။ ဒါပေမယ့် ဘယ်နေရာပေးသလဲဆိုတော့ ဥယျာဉ်အတွင်းမှာရှိတဲ့ အိမ်သာပျက် တစ်နေရာပေးတယ်။

ရသေ့ကြီးဟာ သူမလုပ်ဖူးတဲ့ အလုပ်တွေလုပ်ရတော့တယ်။ ရတဲ့နေရာကို ဆေးကြောသုတ်သင်၊ အညစ်အကြေးတွေ လွှင့်ပစ်၊ သန့်ရှင်းရေးအလုပ်တွေ ပင်ပင်ပန်းပန်း လုပ်ရတော့တယ်။ ကိလေသာစိတ်ကြောင့် အဆင့်နိမ့်သွားရတယ်။

နေရာရပြန်တော့ စားဖို့က လိုလာတယ်။

အဲဒီမှာ နန်းတော်ကို ရသေ့ကြီး တစ်ခေါက်ပြန်သွားရပြန်ပါတယ်။

တစ်နေကုန် လှုပ်ရှားနေတဲ့ ရသေ့ကြီးဟာ ညဘက်မှာ မောပန်းနွမ်းလျနေတယ်။

လွန်ခဲ့တဲ့ အချိန်ကာလတွေက ကောင်းကင်မှာ ပျံနိုင်တဲ့စျာန်အဘိဉာဉ်ရအောင် ကျင့်ခဲ့ပြီး ယခု ကျွန်မနဲ့ ပေါင်းဖို့မှာ ပင်ပန်းကြီးလှပါလားလို့ ပြောလိုက်တယ်။

အဲဒီမှာ ရသေ့ကြီး ဟီရိသြတ္တပ္ပ သံဝေဂဖြစ်သွားပြီး ဟိမဝန္တာကို ပြန်ပြေးပါလေရော။

# မှောင်လွန်းသောည

ညအမှောင်က နက်ရှိုင်းသထက် နက်ရှိုင်းလာနေပါတယ်။ အချိန်က သန်းခေါင်ကျော်စ ပြုပါပြီ။

အိပ်မပျော်သေးသူက စိန်မောင်ဖြစ်ပြီး တစ်မိသားစုလုံးကတော့ အိပ်မောကျနေပါပြီ။

တစ်အိမ်လုံးဟာ ယနေ့ညမှာ ပိုပြီး မှောင်မိုက်နေပါတယ်။ ထွန်းထားသော ညအိပ်မီးပန်းရောင်လေးဟာလည်း မလင်းဘူး။ မီမလင်းအောင် စိန်မောင်က လုပ်ထားတဲ့အတွက် ဖြစ်တယ်။

သည်ညမှာ စိန်မောင်ဟာ အကြံသမားတစ်ယောက်ဖြစ်ပါတယ်။ သူဟာ မကြံသင့် မကြံထိုက်တာကို ကြံစည်စိတ်ကူး စီစဉ်ထားတယ်။

စိန်မောင်တို့အိမ်ကို စိန်မောင် မိန်းမရဲ့ တူမ မတင်သိန်း ရောက်ခဲ့တာ ခြောက်လရှိပြီ။

မတင်သိန်းဟာ နယ်ကနေ စက်ချုပ်သင်တန်း လာတတ်ရင်းနဲ့ စိန်မောင်တို့အိမ်မှာ လာနေတာဖြစ်တယ်။ စိန်မောင်ရဲ့ မိန်းမ မိခင်ကြည်ရဲ့တူမ အရင်းခေါက်ခေါက်ဖြစ်ပြီး မိခင်ကြည် ငယ်စဉ်က အတူနေခဲ့ဖူးတယ်။

မိခင်ကြည်ဟာ မတင်သိန်းလေးကို သမီးလေးတစ်ယောက်လို ချစ်တယ်။ အစစအရာရာ လိုက်လျောကူညီပေးလေ့ရှိတယ်။

မတင်သိန်းက ရိုးသားမှုရှိပြီး စိန်မောင်ကိုလည်း ရိုသေလေးစားတယ်။ အိမ်မှာ သူ့အဒေါ် မိခင်ကြည်မရှိရင် စိန်မောင်ကိစ္စတွေ ကူလုပ်ပေးတယ်။ ထမင်းခူးပေးတယ်။ အိပ်ရာခင်းပေးတယ်။ စိန်မောင်ရဲ့ အဝတ်အစားတွေ ဖွပ်လျှော်ပေးတတ်ပါတယ်။

မတင်သိန်းလေးက ရိုးရိုးသားသား ပြုမူပေးတာကို စိန်မောင်က အထင်လွဲနေတယ်။ သူ့ကို မတင်သိန်းက စိတ်ဝင်စားနေတယ်လို့ ထင်တယ်။

စိန်မောင်ဟာ အတန်းပညာ လုံးဝမတတ်ပါဘူး။ မြန်မာစာတောင်မှ သေသေချာချာ မရေးတတ် မဖတ်တတ်ဘူး။ သူဟာ တွင်ခုံတစ်ခုမှာ ငယ်စဉ်ကတည်းက အလုပ်ဝင်လုပ်ခဲ့လို့ တွင်ခုံလုပ်ငန်းလုပ်တတ်တယ်။

အနှစ်နှစ်ဆယ်လောက် လုပ်ခဲ့ပေမယ့် လုပ်ငန်းပိုင်ရှင်တော့ ဖြစ်မလာဘူး။ အလုပ်သမား ဘဝနဲ့ပဲ လုပ်ကိုင်စားသောက်နေသူဖြစ်တယ်။

သူတို့ တွင်ခုံအလုပ်ရုံနားမှာ မုန့်ဟင်းခါးရောင်းတဲ့ မိခင်ကြည်နဲ့ အိမ်ထောင်ကျတယ်။ ယခုဆို သားတစ်ယောက်၊ သမီးတစ်ယောက် ရခဲ့ပြီ။ အိမ်ထောင်သက်က ရှစ်နှစ်ကျော်ခဲ့ပြီ။

ဒီညမှာ အကြံသမား စိန်မောင်ဟာ မအိပ်ဘဲနဲ့ နေတယ်။ သူ့မိန်မ အိပ်ပျော်သွားချိန်မှ ခြင်ထောင်ထဲက ထွက်ခဲ့တယ်။ ပက်လက်ကုလားထိုင်တစ်လုံးမှာ ဆေးလိပ်ထိုင်သောက်ပြီး နောက်ဖေးခန်းမှာ အိပ်နေတဲ့ မတင်သိန်းအခြေအနေကို အကဲခတ်တယ်။

မတင်သိန်းက နိုင်လွန်ခြင်ထောင်နဲ့ အိပ်နေတယ်။ ဒါပေမယ့် မီးရောင်မရှိလို့ သူအိပ်နေတာကို အပြင်က မမြင်ရပါဘူး။

စိန်မောင်ဟာ ညဉ့်နက်လာတာနဲ့အမျှ ကိလေသာစိတ်မိုက်၊ စိတ်ရိုင်းတွေ ဝင်လာနေတယ်။ သူ့စိတ်ထဲမှာ အခွင့်အရေး ရမယ်လို့ ထင်နေတယ်။

ပင့်သက်ကို အခါခါချရင်းက သူဟာ တစ်စုံတစ်ရာကို ရူးမိုက်စွာ ဆုံးဖြတ်ချက် ချလိုက်တယ်။

ခြေကို ဖွနင်းပြီး နောက်ဖေးခန်းက မတင်သိန်းလေးရဲ့ ခြင်ထောင်နားကိုသွားတယ်။ ခြင်ထောင်နားရောက်တော့ သူဟာ ခေတ္တ မတ်တပ်ရပ်နေသေးတယ်။

ခြင်ထောင်ထဲမှာတော့ မတင်သိန်းလေးဟာ အိပ်မောကျနေပြီ။ အညာစောင်ကိုခြုံပြီး ကွေးကွေးလေး အိပ်နေတယ်။ ရာဂနတ်ဆိုး ပူးဝင်နေတဲ့ စိန်မောင်ဟာ ခြင်ထောင်ကိုဖြည်းညင်းစွာ ဖွင့်လိုက်တယ်။ ပြီးတော့ ခြင်ထောင်ထဲကို ဝင်လိုက်တယ်။

သူ့လက်က မတင်သိန်း ကိုယ်ခန္ဓာကို ထိတွေ့ကိုင်တွယ်လိုက်တာနဲ့ မတင်သိန်းဟာ လန့်အော်တယ်။

စိန်မောင်က အသံမထွက်အောင် မတင်သိန်းပါးစပ်ကို ပိတ်လိုက်တယ်။ ဒါပေမယ့် သူပိတ်တာ နောက်ကျသွားပြီ။ အော်သံက ကျယ်လောင်စွာ ထွက်သွားခဲ့ပြီ။

မတင်သိန်း အော်သံကို သူ့မိန်မ မိခင်ကြည် ကြားလိုက်တယ်။ မိခင်ကြည်ဟာ သူ့ဘေးက ခင်ပွန်းသည် ကိုစိန်မောင် အိပ်ရာထဲမရှိတာကို အံ့သြသွားတယ်။ပြီးတော့ ဒေါသစိတ်ကိုလည်း ထောင်းခနဲဖြစ်သွားတယ်။

မိခင်ကြည်ဟာ ခြင်ထောင်ထဲက ကပျာကယာထလိုက်ပြီး နောက်ဖေးခန်းကို ထလာတယ်။ အမှောင်မှာပဲ ကျူထရံမှာ ညှပ်ထားတဲ့ ကတ်ကြေးကိုစမ်းတယ်။ သည်ကတ်ကြေးက သူမုန့်ဟင်းခါးရောင်းရင် အကြော်ညှပ်တဲ့ ကတ်ကြေးဖြစ်တယ်။ ထက်လည်းထက် ချွန်လည်းချွန်တဲ့ ကတ်ကြေးတစ်လက်။

စိန်မောင်ဟာ ရုန်းကန်နေတဲ့ မတင်သိန်းကို အတင်းချုပ်နှောင်နေရတယ်။ မအော်အောင် ပါးစပ်ကိုလည်း အတင်းပိတ်နေရတယ်။ နိုင်လွန်ခြင်ထောင် ကြိုးတစ်ဖက်က ပြုတ်ကျနေပြီး ခြင်ထောင်ထဲမှ လုံးထွေးနေတော့တယ်။

မိခင်ကြည်ဟာ ဒေါသစိတ်နဲ့ ခြင်ထောင်ကို ဆွဲမလိုက်ပြီး စိန်မောင်ရဲ့ ကျောပြင်ကို ကတ်ကြေးနဲ့ ထိုးလိုက်တော့တယ်။ မိခင်ကြည်ရဲ့ ထိုးချက်ဟာ ပြင်းထန်တယ်။

စိန်မောင်ဟာ ကြောက်လန့်ပြီး မိခင်ကြည်ကို လက်ပြန်ရိုက်လိုက်တာ ဟန်ချက်မမိဘဲ ပြန်လဲကျသွားတယ်။

စိန်မောင်ဟာ မိနစ်ပိုင်းအတွင်းမှာပဲ လူ့လောကကိုအပြီးအပိုင် စွန့်ခွာသွားရတော့တယ်။

သူပြုချင်လှတဲ့ ကာမေသုမိစ္ဆာစာရက်ကို ပြုကျင့်မသွားရတော့ဘူး။

အချို့ မိန်းမတွေဟာ အဲဒီကိစ္စနဲ့ ပတ်သက်ရင် လုံးဝခွင့်မလွှတ်တတ်ဘူး။ အသက်သတ်တဲ့ အထိ ပြုမူကြတာဖြစ်တယ်။

မိခင်ကြည်ဟာ အဲဒီအမှောင်လွှန်းတဲ့ ညမှာပဲ သက်ဆိုင်ရာကို အဖြစ်အပျက် အကြောင်းစုံ ပြောပြပြီး အဖမ်းခံခဲ့ပါတယ်။

ကာမေသုမိစ္ဆာစာရက် ကျူးလွန်လို့ အသက်သေကြရသူ ရှိတတ်ပါတယ်။ ပုံစံအမျိုးမျိုးနဲ့ သေကြရတာပါပဲ။

အချို့ဆို အသက်မသေပေမယ့် သေရာပါလောက်အောင် ဒဏ်ရာတွေရကြတယ်။ အချုပ်ခံရတယ်။ ထောင်ကျခဲ့ရတယ်။ အချုပ်ထောင်တွေက လွတ်ပြန်တော့လည်း နာမည်ပျက်နဲ့ အသက်ရှင်ကြရပြန်တယ်။ လူမသေခင် နာမည်က သေနေပါတယ်။

စိန်မောင်ဆိုရင် သူ့မိန်မက သူ့ကို သည်လိုသတ်မယ်လို့ ထင်မှာမဟုတ်ပါဘူး။

သူ့မိန်းမကလည်း ဒေါသနဲ့ လုပ်မိလုပ်ရာ လုပ်ပစ်လိုက်တာပါပဲ။

စိန်မောင်ရဲ့စိတ်ထဲမှာ သည်ကိစ္စကို လွယ်တယ်လို့ ထင်ခဲ့တဲ့အတွက် သည်လိုဖြစ်တာ ဖြစ်တယ်။ သူဟာ စဉ်စားဉာဏ်မရှိဘူး။ ရာဂစိတ် ပြင်းထန်တာပဲရှိတယ်။

စိန်မောင်ရဲ့ အသုဘမှာ လူသိပ်မရှိဘူး။ နယ်က သူ့မိဘတွေလည်း ရှက်လို့မလာကြဘူး။ ညီအစ်ကို မောင်နှမတွေလည်း မလာဘူး။

ကာမေသုမိစ္ဆာစာရက် အပြစ်ကြောင့် သေရတာဟာ သေချိန်မှာတောင် လာမယ့်သူမရှိဘူး။

စိန်မောင်ရဲ့ အသုဘမှာ အိမ်နီးချင်း သုံးလေးယောက်နဲ့ သူငယ်ချင်းနှစ်ယောက်လာပြီး ခုနစ်ယောက်လောက်နဲ့ အသုဘ ချလိုက်ရတယ်။

သည်အပြစ်နဲ့သူဟာ နောင်ဘဝတွေမှာလည်း ဘယ်လိုဒုက္ခတွေ ရောက်ရဦးမယ်မသိဘူး။

*ညစ်ညူးရာဂ၊ ကိလေသဖြင့်*

*တဂျာကိုလိုက်၊ ဒုစရိုက်နှင့်*

*အမိုက်အားကိုး၊ ပုဂ္ဂိုလ်မျိုးကား*

*အကျိုးမဲ့စွာ၊ အပြစ်သာရှင့်။*

(မဃဒေဝ၊ ၁၃၅)

# အုပ်ထိန်းခြင်းမကင်းသော မိန်းမများ

အုပ်ထိန်းခြင်းမကင်းတဲ့ မိန်းကလေးတွေကို ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ရင် အပြစ်ကြီးတယ်။

(မနုကျယ်ဝမ္မသတ်)အရ အုပ်ထိန်းခြင်းမကင်းတဲ့ မိန်းမအမျိုးအစား နှစ်ဆယ့်တစ်မျိုး ရှိတယ်။

အဲဒီ နှစ်ဆယ်တစ်မျိုးသော မိန်းမတွေအနက် တစ်ဦးတစ်ယောက်သော မိန်းမက မိမိရဲ့ကာမကို ကိုယ်တိုင်သဘောတူ ပေါင်းသင်းခွင့်ပေးပေမယ့် အုပ်ထိန်းစောင့်ရှောက်သူတွေရဲ့ အခွင့်မရပါက ပေါင်းသင်းတဲ့ ယောကျ်ားကို ကြီးလေးတဲ့ အပြစ်ဒဏ်ဖြစ်တယ်။ မိန်းကလေးက သဘောတူတာတောင် မရပါဘူး။

မနုကျယ်ဝမ္မသတ်မှာ ကြီးလေးတဲ့ အပြစ်ဒဏ်ပေးမယ်လို့ ဆိုထားပါတယ်။

မိဘသို့မဟုတ် အကြီးအကဲ ဆွေမျိုးတို့က အုပ်ထိန်းထားခြင်းမရှိတဲ့ မိန်းမ နှစ်ဆယ့်တစ်မျိုးမှာပါတဲ့ မိန်းမတွေကို တစ်ယောက်ယောက်က ပြစ်မှားကျူးလွန်မှုရှိရင် မင်းပြစ်မင်းဒဏ်သင့်တယ်။

*၁။ အဖစောင့်ရှောက်တဲ့ မိန်းမ။*

*၂။ အမိစောင့်ရှောက်တဲ့ မိန်းမ။*

*၃။ အဘိုးစောင့်ရှောက်တဲ့ မိန်းမ။*

*၄။ အစ်မစောင့်ရှောက်တဲ့ မိန်းမ။*

*၅။ ညီမစောင့်ရှောက်တဲ့ မိန်းမ။*

*၆။ မောင်စောင့်ရှောက်တဲ့ မိန်းမ။*

*၇။ မိကြီးစောင့်ရှောက်တဲ့မိန်းမ။*

*၈။ ကြွေးမြီးနှင့် ချုပ်ထားသော မိန်းမ။*

*၉။ အသက်အရွယ်ကြီးလွန်သော မိန်းမ။*

*၁၀။ ရှူးနေသော မိန်းမ။*

*၁၁။ နူနေသော မိန်းမ။*

*၁၂။ ကိုယ်ဝန်ရှိသောမိန်းမ။*

*၁၃။ အရွယ်မရောက်သောမိန်းမ။*

*၁၄။ ခရီးဝေးကလာသောမိန်းမ။*

*၁၅။ မိထွေးစောင့်ရှောက်သောမိန်းမ။*

*၁၆။ ဘကြီးစောင့်ရှောက်သော မိန်းမ။*

*၁၇။ ဘထွေးစောင့်ရှောက်သောမိန်းမ။*

*၁၈။ အရီးစောင့်ရှောက်သောမိန်းမ။*

*၁၉။ ဦးရီးစောင့်ရှောက်သောမိန်းမ။*

*၂၀။ အဘွားစောင့်ရှောက်သောမိန်းမ* တို့ပဲ ဖြစ်ပါတယ်။

အချို့က မိန်းကလေး သဘောတူရင် ဘာမှအပြစ်မရှိဘူးလို့ ထင်နေကြတယ်။ ပြုကြတယ်။

အဲဒါ လုံးဝမှားတာပါပဲ။

မိန်းကလေး သဘောတူတိုင်း အပြစ်က မလွတ်ပါဘူး။ အုပ်ထိန်းသူက သိပြီး တရားစွဲလို့ အပြစ်ရကြတာဖြစ်တယ်။

မိန်းကလေးက သဘောတူတယ်ဆိုပြီး ကာမေသုမိစ္ဆာစာရကံကိုပြုရင် ယခုဘဝ မခံရတောင် နောင်ဘဝမှာခံရမှာ ဖြစ်ပါတယ်။

ယခုဘဝမှာလည်း အုပ်ထိန်းသူ မကျေနပ်ဘူးဆိုရင် အပြစ်ခံရမှာပါပဲ။

# မလ္လိကာမိဖုရား

မလ္လိကာမိဖုရားအဖြစ်ကတော့ ရာဇဝင်တွင်ပါတယ်။ ပြောစရာကိုဖြစ်ရော။

မလ္လိကာမိဖုရားဟာ တစ်ချက်တည်းမှားလိုက်တာသေတော့ အဝီစိကိုရောက်တယ်။

မလ္လိကာမိဖုရားဟာ ဉာဏ်အရာမှာ အလွန်သာပါတယ်။ လိမ္မာရေးခြား ရှိတယ်။ ရုပ်ဆင်းအင်္ဂါလည်း လှပပြေပြစ်တယ်။

ဒါနပြုတဲ့ဘက်မှာလည်း ရက်ရောတယ်။ တိုင်းပြည်က လူတွေနဲ့ ပြိုင်ပြီးတော့ ဒါနပြုတဲ့အခါမှာလည်း သူက နိုင်အောင် ပြုနိုင်ခဲ့တယ်။

အဲဒီလိုကောင်းတဲ့ အရည်အသွေးတွေ ရှိပေမယ့် မကောင်းတာလေး တစ်ကွက် သူ့မှာဖြစ်ခဲ့တယ်။

အဖြစ်ကတော့ အံ့သြစရာအဖြစ်ပါပဲ။

ရေချိုးတော်ဆောင်မှာ ရေချိုးရင်း မလ္လိကာမိဖုရားဟာ အချစ်တော်မွေးထားတဲ့ ခွေးကြီးနဲ့ ငြိစွန်းမိတော့တယ်။

ဘုရင်ကောသလကမြင်တော့ သူမဟာ ညာပြောခဲ့တယ်။ အဲဒီရေချိုးဆောင်က အမြင်မှာ လှည့်စားတတ်ပါတယ် လို့ပြောတယ်။

ကောသလဘုရင်ကို ရေချိုးဆောင်ဝင်ခိုင်းပြီး အရှင်ဘုရားက ဆိတ်မနဲ့ပျော်ပါးတယ်လို့ သူက စွပ်စွဲပြောဆိုပါတယ်။

အဲသည်လို မလ္လိကာမိဖုရား ပြုမိတဲ့ကံဟာ သူသေတဲ့အခါ အဝီစိကို သွားရတော့တာပါပဲ။

လူ့စိတ်ဆိုတာ တစ်ခါတစ်ရံ အမှတ်လွတ်ပြီး ဖောက်ပြန်တတ်တယ်။

# လင်ခိုးမ

လောကကြီးမှာ လူတွေဟာ အသက်နဲ့ လူလုပ်ကြပေမယ့် အရက်နဲ့လည်း လူ့ဘဝကို ရပ်တည်ကြရတယ်။

အရက်ကွဲစရာ သူများတံတွေးကွက်ထဲ ပက်လက်မျောစရာ ဖြစ်လာရင် လောကမှာ နေလို့မကောင်းတော့ဘူး။

ကဲ့ရဲ့ ခနစ်ရက်၊ ချီးမွမ်းခုနစ်ရက်ဆိုပေမယ့် အချို့ကဲ့ရဲ့မှုဟာ ကြာမြင့်စွာ ခံရတဲ့ အနေအထားမျိုးမှာ ရှိတတ်ပါတယ်။

ဦးသိန်းအောင်တို့ မိသားစုဟာ သည်ရွာက အပြီးပြောင်းကြတော့မယ်ဆိုတော့ ရွာထဲက လူတော်တော်များများပဲ စိတ်မကောင်းကြဘူး။

သည်ရပ်သည်ရွာမှာ ဦးသိန်းအောင်တို့ နေလာကြတာ အနှစ်လေးဆယ် ရှိခဲ့ပြီ။ အဲဒီတော့ ရပ်ရွာက သူတို့အပေါ် သံယောဇဉ်ရှိကြတာပေါ့။

ဦးသိန်းအောင်ကလည်း ဘုရားတရားနဲ့ ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ယောက်ဆိုတော့ ရပ်ကွက်ထဲ ပိုပြီးသံယောဇဉ်ရှိတယ်။ မပြောင်းစေချင်ကြဘူး။

ဦးသိန်းအောင် သားသမီး ငါးယောက်ရှိခဲ့ပါတယ်။ သားသုံးယောက် သမီးနှစ်ယောက် ဖြစ်တယ်။

သားတွေက ဘောလုံးသမားတွေ ဖြစ်ပြီး ရပ်ကွက်ထဲမှာ လူသိများတယ်။ ပညာရေးဘက်မှာလည်း တော်ကြပြီး ဆယ်တန်း အောင်မြင်ခဲ့ကြတယ်။ ဘောလုံးကန်ရင်းက အဝေးသင်တက္ကသိုလ်ကို ကိုယ့်စရိတ်နဲ့ကိုယ် တက်ကြတယ်။ သမီးအကြီးဆုံးကတော့ အလယ်တန်းပြ ဆရာမတစ်ယောက်ဖြစ်တယ်။

ဦးသိန်းအောင်တို့ရဲ့ ခြံက ကျယ်ဝန်းတယ်။ သစ်ပင်သီးနှံလည်း စိုက်ပျိုးထားတာ စုံနေတာပါပဲ။ အုန်းပင်သုံးဆယ်ကျော် ရှိတယ်။ ဈေးကြီးထဲမှာ ကုန်စုံဆိုင်ဖွင့်တာ အရောင်းအဝယ် ကောင်းတယ်။ ဦးသိန်းအောင်ရဲ့ ဇနီး ဒေါ်ကြည်က ဆက်ဆံရေးကောင်းတယ်။

စီးပွားရေးလည်း အဆင်ပြေပါလျက် သည်ခြံနဲ့ အိမ်ကိုရောင်း၊ ဆိုင်ကိုလဲရောင်းပြီး ပြောင်းကြတော့မယ်ဆိုတာ လူတွေက အံ့သြကြတယ်။ သူတို့မိသားစုကို မပြောင်းစေချင်ကြဘူး။

ဘာပြဿနာ၊ ဘယ်လိုအကြောင်းကြောင့် သည်လိုအိုးပစ်အိမ်ပစ် ပြောင်းကြမယ်ဆိုတာ ရပ်ရွာက စိတ်ဝင်စားကြတယ်။

ဦးသိန်းအောင်နဲ့ ဒေါ်ကြည် မျက်နှာမကောင်း ဖြစ်နေတာကြာပြီ။

သားအကြီးနဲ့ အလတ်လည်း အိမ်ကို မိုးချုပ်မှ ပြန်ကြတယ်။ သမီးအကြီး ဆရာမလည်း ကျောင်းကပြန်လာရင် အိမ်ထဲက အိမ်ပြင်လုံးဝမထွက်တော့ဘူး။

ဦးသိန်းအောင်နဲ့ ရင်းနီးတဲ့ ဦးဘမိုးကနေတစ်ဆင့် အဖြစ်အပျက် အမှန်ကို ရပ်ရွာထဲ အချို့လူကြီးတွေ သိကြရတယ်။

ဦးသိန်းအောင်တို့ခြံမှ တစ်ညနေ ရန်ဖြစ်ကြသံကို ဘေးခြံတွေက သဲ့သဲ့ကြားခဲ့တယ်။ ရန်ဖြစ်သံထဲမှာ "လင်ခိုးမ"၊ "ဟဲ့ လင်ခိုးမ"လို့ စွပ်စွဲအော်ဟစ်သံလည်း ကြားကြရတယ်။

အဲဒီလို တစ်ညနေ ရန်ဖြစ်အပြီးမှ ဦးသိန်းအောင်ဟာ အရင်လို နံနက်ဆို လမ်းထွက် မလျှောက်တော့ဘူး။ ဓမ္မာရုံဘက်ကိုလည်း မသွားတော့ဘူး။

အဖြစ်အမှန်ကတော့ ဒီလိုပါ။

ဦးသိန်းအောင်ရဲ့ သားသမီးထဲမှာ စုန်းပြူးတစ်ယောက်ပါလာခဲ့တယ်။

ဘယ်သူလဲဆိုတော့ အငယ်ဆုံးသမီး နီနီမာပါပဲ။ နီနီမာ ပြဿနာကြောင့် မိသားစု အရှက်ကွဲတာ။

မိုက်မဲလှတဲ့ နီနီမာ သမီးထွေးဟာ စူးစမ်းဆင်ခြင်မှု ကင်းမဲ့စွာ ရပ်ကွက်ထဲက အိမ်ထောင်ရှိ အမျိုးသားတစ်ဦးနဲ့ ငြိစွန်းတယ်။

နီနီမာနဲ့ အဲဒီကားပိုင်ရှင် ငြိစွန်းနေကြတာကို ဇနီးဖြစ်သူက မိတယ်။ ပိုင်ပိုင်နိုင်နိုင် မိတဲ့နေ့မှာ နီနီမာ ဖခင်ဦးသိန်းအောင်ကို လာပြီးတိုင်တာပါပဲ။

အဲဒီနေ့မှာ လာတိုင်တဲ့ ဇနီးက နီနီမာကိုတွေ့တော့ ဒေါသတကြီးနဲ့ "လင်ခိုးမ" ၊ "ဟဲ့ လင်ခိုးမ" လို့ အော်ကြီးဟစ်ကျယ် ရန်တွေ့ ပြောတော့တယ်။

ဦးသိန်းအောင်ဟာ သမီးထွေးကို အဲဒီညကနေ ပေါက်ကွဲ ညှိုးမဲအောင်သွားတဲ့အထိ ရိုက်ခဲ့တယ်။

ဒါပေမယ့် နီနီမာဟာ မိုက်တွင်းနက်လှပါတယ်။ နောက်ရက်တွေမှာ ဟိုလူ ကားပိုင်ရှင်နဲ့ ပြန်ဆက်သွယ်တယ်။

ကားပိုင်ရှင်သာဆိုတယ် အဲဒီကားပိုင်ရှင် ကျော်ကျော်ရဲ့ အသက်ကလည်း နီနီမာထက် သုံးနှစ်သာကြီးပါတယ်။

နီနီမာက မပြုပြင်၊ မပြတ်လေတော့ သည်မီးက ဆက်လောင်ဦးမှာပဲလို့ ဦးသိန်းအောင်တို့ မိသားစုဟာ တွေးမိကြတယ်။

မိဘနှစ်ပါးလည်း ရုက်လွန်းလို့ စိတ်သောကရောက်။ အစ်ကိုတွေ အစ်မတွေလည်း ရပ်ကွက်ထဲမှာ မျက်နှာမပြဝံ့တော့ဘူး။

မိုက်မဲတဲ့ သမီးထွေးရဲ့ ပြုမူကံကို မိဘ၊ ညီအစ်ကို မောင်နှမတွေပါ ခံကြရတယ်။

နီနီမာဟာ ဘယ်သူ့မျက်နှာမှ မထောက်ဘဲ ကားပိုင်ရှင် ကျော်ကျော်နဲ့ ခိုးရာ လိုက်သွားတယ်။ တစ်နယ်ကို ထွက်ပြေးကြတယ်။

ကျော်ကျော်ရဲ့ ဇနီးက ကလေးနှစ်ယောက်နဲ့ သည်ရပ်ရွာထဲမှာပဲ ကျန်ခဲ့တယ်။ ကျော်ကျော်ရဲ့ဇနီးဟာ အရှုံးတစ်ပိုင်းဖြစ်ပြီး ရပ်ရွာထဲမှာ သူ့လင်ခိုးခံရတဲ့အကြောင်းပဲ လျှောက်ပြောနေတယ်။

ဦးသိန်းအောင်တို့ မိသားစုဟာ သည်ဒဏ်နဲ့ ရပ်ထဲရွာထဲမှာ မနေချင်လောက်အောင် ဖြစ်ခဲ့ကြပြီ။ အစ်ကိုဖြစ်သူတွေကဆို နီနီမာကိုတွေ့ရင် သတ်ပစ်မယ်ချည်းပဲ ကြိမ်းနေတယ်။

အိမ်နဲ့ခြံကို ရရာဈေးနဲ့ပဲ ရောင်းပစ်ခဲ့ကြတယ်။

ဒေါ်ကြည်က ဈေးထဲကဆိုင်ကိုလည်း ရောင်းပစ်ခဲ့တယ်။

သမီးအကြီး ကျောင်းဆရာမကလည်း အလုပ်ပြောင်းဖို့ လျှောက်လွှာတင်ထားတယ်။

ကာမေသုမိစ္ဆာစာရကံကို တစ်ယောက်ကျူးလွန်ရင် နီးစပ်ပတ်သက်တဲ့ သူတွေလည်း ခံကြရတာမျိုးပဲ။ ဟီရိဩတ္တပ္ပရှိသူ မှန်သမျှဟာ သူများအပြောအဆို မခံချင်ကြဘူး။ အရှက်နဲ့လည်း လူလုပ်ရတာဖြစ်တယ်။ မဟုတ်လား။

ရပ်ရွာထဲမှာ ပြောစမှတ်ဖြစ်ခဲ့တယ်။ သမီးရှင်တွေဟာ ဆုံမစကားပြောရင် "ကိုသိန်းအောင် သမီးလိုတော့ ဒုက္ခမပေးကြပါနဲ့" လို့ ဆုံးမတတ်ကြတယ်။

တကယ်တော့ နီနီမာတစ်ယောက်သာ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်တာဖြစ်တယ်။

ကျန်တဲ့မိသားစုတွေဟာ ဘုရား၊ တရား၊ အလုပ်အကိုင်နဲ့ နေကြတာပါ။

သမီးထွေးမိုက်တဲ့ အမိုက်က မိသားစုအပေါ် ဂယက်အကြီးအကျယ် ရိုက်ခဲ့တယ်။

လောကမှာ အရှက်အကြောက် မရှိသူတွေသာ အပြောခံနိုင်ကြတယ်။ အရှက်အကြောက် ရှိသူတွေဟာ သူများစွပ်စွဲကဲ့ရဲ့မှာကို မခံနိုင်ကြ၊ မခံချင်ကြဘူး။

# ကြာကူလီဟု ခေါ်ကြသည်

မောင်မောင်ကိုခေါ်ရင် သူ့ရဲ့အမည်နဲ့အတူ ကြာကူလီ မောင်မောင်လို့ အမည်တပ်ခေါ်ကြပါတယ်။

သူဟာ လုံးဝ အကျင့်စာရိတ္တ မကောင်းပါဘူး။ အသက်နှစ်ဆယ်ကျော်ကတည်းက သူဟာ သူများဇနီးမယား တစ်ဦးကို ပြစ်မှားခဲ့ဖူးပါတယ်။

အဲဒီလို နှစ်ဆယ်ကျော် အသက်ကတည်းက စခဲ့တဲ့အပြစ်မှားမှုမျိုးကို သူဟာ အခွင့်အရေးရတိုင်း ကျူးလွန်တာပါပဲ။

မောင်မောင်ဟာ သူ့မိဘတွေသေတော့ ဆိုင်ခန်းတစ်ခန်းနဲ့ ငွေတစ်သိန်းလောက် အမွေရခဲ့ပါတယ်။

သူဟာ ဘာမှ မည်မည်ရရ လုပ်ကိုင်စားသောက်ခြင်းမပြုဘဲ ဆိုင်ခန်းကို ငှားပြီး နေထိုင်လာခဲ့ပါတယ်။ သူ့မှာ မွေးချင်းလေးယောက်ရှိပြီး ကျန်တဲ့သူတွေက မိန်းကလေးတွေချည်းပဲ ဖြစ်တယ်။

မောင်မောင်က ရုပ်တော့ချောတယ်။ သန့်သန့်ပြန့်ပြန့်လည်း ဝတ်တတ်တယ်။

အဲသည်လို ရုပ်ချောတဲ့အပေါ်မှာ မူတည်ပြီး မြာပွေမှုကို ပြုတာပါပဲ။

မြို့တစ်မြို့က အိမ်ထောင်ရှိ အမျိုးသမီးတစ်ဦးကို ကြာခိုရင်းက သူဟာ အဲဒီမြို့မှာ အရိုက်ခံခဲ့ရတယ်။

ဆေးရုံမှာ တစ်လတိတိကြာအောင် တက်ရောက်ကုသခဲ့ရတယ်။

နောက်တစ်ကြိမ်ကတော့ သူဟာ တရားစွဲခံခဲ့ရတယ်။ ရုံးအထိ သူ ရင်ဆိုင်ခဲ့ရတယ်။

အဲဒီလိုတွေဖြစ်ခဲ့ပေမယ့် သူဟာ သူ့အကျင့်ကို မဖျောက်နိုင်ပါဘူး။

အခွင့်ရတိုင်း ကြာကူလီအလုပ်ကို လုပ်တာပါပဲ။ သူ့အမည်ကိုပြောကြရင် ကြာကူလီ မောင်မောင်လို့ ပြောတာလည်း သူသိပါတယ်။

မောင်မောင်ဟာ အဲ့ဒီကိစ္စနဲ့ ပတ်သက်ရင် အရှက်ကို မရှိသူလို့ ဆိုရမှာပါပဲ။

ခက်တာက မိန်မအချို့ကလည်း ခက်တာပါပဲ။ အဲဒီလို နာမည်ပျက်ရှိတဲ့ မောင်မောင်ကို အချို့မိန်းမတွေက အကပ်ခံကြတယ်။ အပေါင်းအသင်း လုပ်ကြတယ်။

မောင်မောင်ရဲ့ နှမတွေ အစ်မတွေက တစ်လင်တစ်မယားစနစ်နဲ့ ရိုးရိုးအေးအေး နေကြပါတယ်။ မောင်မောင်သာ အဲဒီလို အမူအကျင့် ရှိတာပါ။

သူဟာ အိမ်ထောင်မရှိသေးတဲ့ မိန်းကလေးတွေကိုလည်း ကြုံတာပါပဲ။ မိန်းကလေး အတွက်ဆို သူက ရှိသမျှ ရက်ရက်ရောရော ထုတ်တတ်တယ်။

ရိုးရိုးသားသား အိမ်ထောင်ပြုနေမယ်ဆိုရင် သူ့အခြေအနေက နေနိုင်ပါတယ်။ ဒါပေမယ့် သူက မနေဘူး။

နောက်ဆုံးတော့ သူ့ဘဝဟာ ဇာတ်သိမ်းမကောင်းခဲ့ပါဘူး။ မြာပွေမှုနဲ့ပဲ သူ့ဘဝဟာ ဇာတ်သိမ်းဆိုးခဲ့ရတယ်။

တစ်နေ့မှာ သူဟာ အိမ်ထောင်ရှိ အမျိုးသမီးတစ်ဦးနဲ့အတူ ဆိတ်ကွယ်ရာမှာ ချိန်းတွေ့တယ်။

အဲဒီအမျိုးသမီးရဲ့ ခင်ပွန်းနဲ့ အပေါင်းအဖော်တွေ သတင်းရလို့ လိုက်လာကြတယ်။ သူဟာ ဆီးစပ်မှာ မှိန်းထိုးခံရပြီး မြေပြင်ပေါ်မှာ ခွေသေဝက်သေ သေခဲ့ရတယ်။

ကာမေသုမိစ္ဆာစာရကံ အပြစ်ဟာ အသေဆိုးနဲ့ ခံရတာမျိုးလည်း ရှိတတ်ပါတယ်။

# အချစ်ကိစ္စမဟုတ်

ကာမေသုမိစ္ဆာစာရကံ ကျူးလွန်တာဟာ အချစ်ကိစ္စမဟုတ်ဘူး။

အချစ်နဲ့ ဘယ်လိုမှ မပတ်သက်ဘူး။

အဲဒီကိစ္စဟာ ဖောက်ပြန်မှုသက်သက်သာ ဖြစ်တယ်။ အသွေး၊ အသားရဲ့ တောင်းဆိုမှုကို လိုက်လျောဖောက်ပြန်တဲ့ အလုပ်သာဖြစ်တယ်။

အချစ်ဆိုတာက မေတ္တာ၊ ကရုဏာ၊ မုဒိတာတွေနဲ့ ဖွဲ့စည်းထားတာဖြစ်တယ်။

အချစ်စိတ်ဖြစ်တိုင်း ကိလေသာစိတ်ဟာ ကြွလာတာမဟုတ်ဘူး။

အချစ်စစ်၊ အချစ်မှန်တွေကလည်း တဖြည်းဖြည်းခြင်း စွဲလမ်းနှစ်သက်လာတာဖြစ်တယ်။

ကာမေသုမိစ္ဆာစာရကံဟာ အသွေးအသားဆန္ဒနဲ့ အာရုံကို လိုက်လျောလွန်းလို့ ကျူးလွန်ဖြစ်ပေါ်ကြတာ ဖြစ်ပါတယ်။ အမှန်တကယ်တော့ စိတ်အလိုလိုက်မှု သက်သက်ပါပဲ။ စိတ်ပိုင်းဆိုင်ရာ တောင်းဆိုလာတာကို ရုပ်ပိုင်းဆိုင်ရာ လိုက်လုပ်တာပါပဲ။

အချစ်ကြောင့် ကာမေသုမိစ္ဆာစာရကံ ဖြစ်လာရတယ်ဆိုတာ မဖြစ်နိုင်ဘူး။

အချစ်စစ် အချစ်မှန်ဟာ သိပ်ကို စဉ်းစားတွေးခေါ်တတ်စမြဲပါ။ ရေရှည်ကိုလည်း ကြည့်တတ်ပါတယ်။

ကာမေသုမိစ္ဆာစာရကံ ကျူးလွန်သူတွေ ရေရှည်မှာ ဘာတွေဖြစ်လာမယ်ဆိုတာကို ထည့်ပြီး ကြည့်တတ်ပါတယ်။

လောကမှာ မကင်းနိုင်ဘူး။ မရှောင်နိုင်ဆုံးကိစ္စက အချစ်ကိစ္စပါပဲ။

အချစ်ကိုမကင်းနိုင် မရှောင်နိုင်ပေမယ့် ကာမေသုမိစ္ဆာစာရကံကိုတော့ ရှောင်နိုင်ကြရမယ်။ မရှောင်နိုင်လို့ကတော့ သုခမရဘဲ ဒုက္ခသာရမယ့် အလုပ်မျိုးဖြစ်တယ်။

လူတွေဟာ လူမှန်းသူမှန်း သိတဲ့အရွယ်ရောက်လာရင် အချစ်အလုပ်ကို လုပ်သူများတယ်။ အချစ်ကို ရင်ဆိုင်လာကြတယ်။

အဲ့ဒီလို ပုထုဇဉ်တွေ လုပ်လေ့လုပ်ထ အချစ်အလုပ်မှာ ကာမေသုမိစ္ဆာစာရကံဘက် ရောက်မသွားဖို့ အရေးကြီးလှတယ်။

ဖူးစာကံပဲလို့ အချို့ အကြောင်းပြ ကြပါတယ်။ ရှေးက ရေစက်ကြောင့် သည်လို ဖြစ်လာတာပါလို့ ဆင်ခြေပေးတတ်ကြတယ်။

အမှန်တကယ်တော့ ဖူးစာကံပါလာတာလို့ သည်လိုကာမေသုကံ ကျူးလွန်မိကြတာ မဟုတ်ပါဘူး။

ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်တဲ့ အင်အား နည်းပါးလွန်းလို့ ဖြစ်ကြရတာပါ။

စိတ်အလိုလိုက်၊ စိတ်အကြိုက်ဆောင်လို့ ဖြစ်ကြတာသာ ဖြစ်တယ်။ ဖူးစာကံနဲ့ မဆိုင်ပါဘူး။

ရာဂစိတ် လွန်းကဲသူတွေသာ ကာမေသုကံကို ပြုကျင့်ကြပါတယ်။

အချစ်စစ် အချစ်မှန်သမားကတော့ သူ အချိန်တန်မှ ရာဂစိတ်ကို လွှတ်ထုတ်တတ်ပါတယ်။

ကာမေသုကံ ကျူးလွန်တာဟာ အချစ်ကိစ္စ မဟုတ်ပါဘူး။

# ကာမေသုမိစ္ဆာစာရစိတ်ကို ဖြေဖျောက်နည်း

လောကကြီးမှာ ဖိုနဲ့မ သတ္တဝါတွေ အတူနေကြတာဖြစ်တယ်။ ဖိုဓာတ်ရှိသလို မဓာတ်ကလည်း ရှိနေပြန်တယ်။ ဖိုဓာတ်နဲ့ မဓာတ်ဟာလည်း တစ်ဦးကိုတစ်ဦး ဆွဲငင်နေကြတယ်။

အဲဒီသဘောကြောင့် အချို့သော လူသားတွေဟာ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်မိကြတာ ဖြစ်ပါတယ်။

*၁။ အာရုံပြောင်းပါ။*

*၂။ မတွေ့ဖြစ်တော့အောင်နေထိုင်ပါ။*

*၃။ စီးပွားရေး၊ ပညာရေး၊ လူမှုရေးဘက်တွေမှာ အချိန်ပေးပြီး စိတ်ဓာတ်ပြောင်းပါ။*

*၄။ ဘာသာရေးဘက်မှာ စိတ်ဝင်စားပါ။*

*၅။ မိဘနှင့် ညီအစ်ကိုမောင်နှမ မျက်နှာကိုထောက်ထားပါ။*

*၆။ ကာမေသုကံကြောင့် ဒုက္ခရောက်သူတွေရဲ့ အဖြစ်ကိုကြည့်ပြီး သင်ခန်းစာယူပါ။*

*၇။ ဒုစရိုက်ထဲမှာပါတဲ့ အလုပ်ဖြစ်ကြောင်း ကိုယ့်ကိုယ်ကို သတိပေးပါ။*

*၈။ ကာမေသုမိစ္ဆာစာရကံအလုပ်ဟာ တခဏတာသာယာမှုရတာဖြစ်ကြောင်း သတိထားပါ။*

*၉။ တခဏသာယာမှုကြောင့် တစ်ဘဝနာမည်ပျက် ဖြစ်နိုင်ကြောင်း သတိပြုပါ။*

အဲဒီအချက် (၉) ချက်ကို တွေးပြီး စိတ်ကိုပြောင်းလဲပစ်ရမှာဖြစ်တယ်။

ရေစီးကြောင်းဆိုတာ လမ်းမြောင်းပေးလိုက်ရင် အခြားတစ်ဘက်ကို ပေါက်ထွက်စီးသွားတာပါပဲ။

စိတ်ညွှံ့၊ စိတ်ယုတ်တွေ အားကောင်းလာတဲ့အခါ တစ်မျိုးတစ်မည် ကောင်းရာကောင်းကြောင်းကို ပြောင်းပေးလိုက်ရင် ဖောက်ပြန်တဲ့စိတ်တွေဟာ ပျောက်ကွယ်ပြောင်းလွဲတတ်ပါတယ်။

ကိုယ် ကြိုက်နှစ်သက်နေတဲ့ အပြုံးလေးတွေ အပြောကလေးတွေ၊ အထိအတွေ့လေးတွေဟာ ကိုယ့်ဘဝအတွက် ထာဝရရမှာ မဟုတ်ဘူးဆိုတာ ကြိုတင်တွေးထားရပါမယ်။

ကာမေသုမိစ္ဆာစာရကံနဲ့ တည်ဆောက်တဲ့ အိမ်ထောင်ရေးတွေ သာယာမှု ရေရှည်မရတတ်ပါဘူး။ ခဏတာ သာယာမှုရကောင်း ရတတ်ပါတယ်။

အဲဒီစိတ်ဟာ သတိလက်လွတ် ဖြစ်တာမျိုးဖြစ်တယ်။ သတိတရား အသိတရားဝင်ရင် တော်ရုံတန်ရုံနဲ့ မဖြစ်ပါဘူး။

*ဘုရားမကြိုက်တဲ့အလုပ်*

*လူတွေ လက်မခံကြတဲ့အလုပ်* ဖြစ်တဲ့အတွက် မပြုမိအောင် အထူးကို အရေးကြီးလှတယ်။

ယခုဘဝမှာလည်း မကောင်း၊ နောင်ဘဝမှာလည်းမကောင်းတဲ့ အလုပ်ဖြစ်တယ်။

ကာမ၊ ရာဂစတဲ့ မကောင်းမှုဒုစရိုက်နဲ့ ပတ်သက်ဖြစ်ပေါ်လာတဲ့ လောဘစိတ်ဟာ သောင်းကြမ်းလာတဲ့အခါမှာ စိတ်တည်ကြည်မှု စိတ်ကူးဉာဏ် ထုတ်လုပ်မှုတွေဟာ ပျောက်ပျက်တတ်ပါတယ်။

ကောင်းကျိုး ဖြစ်ထွန်းစေတဲ့ အကြံအစည် အခွင့်အလမ်းတွေလည်း ပျောက်ကွယ်တတ်တယ်။ အမှားမှား အယွင်းယွင်းတွေ ဖြစ်တတ်တယ်။

စုတ်ဝင်တဲ့အခါ လာဘ်လည်း မဝင်တော့ဘူး။

မကောင်းအာရုံ ကာမဂုဏ် ခံစားချင်လှတဲ့ လောဘစိတ်ကို မသိမ်းဆည်းနိုင်တဲ့အခါမှာ ကြီးပွားရေး၊ စီးပွားရေး ကျန်းမာသန်စွမ်းရေး၊ ပညာရေးတွေ ပျက်စီးတတ်ပါတယ်။

အဲဒီစိတ်ကပဲ အရာရာကို ဦးဆောင်နေတဲ့အခါ ကိုယ့်ဆီကို ကောင်းတဲ့စိတ်ဓာတ် စိတ်မြတ်တွေဝင်မလာတော့ဘူး။

စိတ်ချုပ်တည်းမှု မထားနိုင်ရင် ကာမေသုမိစ္ဆာစာရကံဟာ ကျူးလွန်မိတာပါပဲ။

သည်ကိစ္စဟာ ဘာသာရေးအရ ပညတ်ထားတာပါလားဆိုတာ နှလုံးအိမ်မှာ သွင်းရမယ်။

တွေ့မရှောင် အချောင်စိတ်နဲ့ ပြုမိပြီးနောက်မှ အချောင်ခိုလို့ မရတာဟာ ကာမေသုမိစ္ဆာစာရကံ အပြစ်ကို ကျူးလွန်မိတာပါပဲ။

အဲဒီအလုပ်ဟာ ပြီးရင်ပြီးရော အလုပ်မျိုးမဟုတ်ဘဲ ဒုက္ခတွေ အပေါင်းအသင်းနဲ့ လာတတ်ပါတယ်။

ငွေကိုလိုချင်လို့ အဲဒီကံပြုမူရင်လည်း အဲဒီရတဲ့ငွေဟာ ကိုယ့်ကို ဒုက္ခပေးမယ့်ငွေဖြစ်တယ်။ ငွေရတဲ့ပုံစံက မသန့်ရှင်းတဲ့အတွက် ကိုယ့်ဘဝလည်း မသန့်ရှင်းတော့ဘူး။

မယားထိ ဓားကြည့်ဆိုသလို ကာမေသုမိစ္ဆာစာရကံဟာ ဓားနဲ့လည်း နီးတယ်။ ထောင်နဲ့လည်း နီးပါတယ်။

အလောတကြီး မိမိစိတ်ကို မိမိ မနိုင်ဘဲ အဲဒီကံပြုမူမိတဲ့လူ မှန်သမျှဟာ ဒုက္ခ ရောက်ကြရတာပဲ။ ဒုက္ခမှ ကိုယ်ခန္ဓာ ဒုက္ခသာမကပါဘူး စိတ်ဒုက္ခပါ ရောက်ကြရပါတော့တယ်။

ဗုဒ္ဓမြတ်စွာဟာ ကာမေသုမိစ္ဆာစာရကံကို ရှောင်ဖို့ အရေးကြီးလှတဲ့အတွက် အရေးတကြီး ပညတ်ထားခဲ့တာ ဖြစ်ပါတယ်။

လောကကြီးမှာ အရေးအကြီးဆုံး စောင့်ထိန်းရမယ့် သီလတစ်ပါးမှာ အဲဒီကံက ရှေးဆုံးတန်းကကို ပါနေပါတော့တယ်။

**ကာမေသုမိစ္ဆာစာရကံကို ရှောင်နိုင်ကြပါစေ။**

**သုတေသီ ဘုန်းမြင့်သွေး**

# ကျမ်းကိုးစာရင်း

*၁။ အရှင်ဇနကာဘိဝံသ -ရတနာ့ဂုဏ်ရည်*
*၂။ အရှင်ဇနကာဘိဝံသ -တရားသုံးဖြာ ဆုံးမစာ*
*၃။ အရှင်ဇာနေယျာဂါဘိဝံသ -ဗုဒ္ဓ၏ဝိနည်းတော် ဝတ္တုတော်ကြီး*
*၄။ အရှင်နာယက -စိတ်၏ဖြေရာ*
*၅။ ဦးသုခ -ရာမာခရစ်ရှုနာ၏ သုတ္တန်ပုံပြင်များ*
*၆။ လှသမိန် -ဗုဒ္ဓဝါဒမှ လူကျင့်စဉ်များ*
*၇။ အက်ပီဘာရူးဝါး -အောင်မြင်ခြင်းမင်္ဂလာ*
*၈။ ဘာသာရေးမဂ္ဂဇင်းများ*
*၉။ မင်းဇော် -အချစ်နှင့်စိတ္တဗေဒ ပြဿနာများ*
*၁၀။ မာန်လည်ဆရာတော် -မဃဒေဝလင်္ကာ*
*၁၁။ သုတေသီဘုန်းမြင့်သွေး -ဘဝချမ်းသာ*
*၁၂။ သုတေသီဘုန်းမြင့်သွေး -မိန်းမတို့ကြာခြေ*